www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ခခခခြာသောပုံပြင်များ


| | |
|---|---|
| ထုတ်ဝေသူ | ဒေါ်တင်တင်အုန်း (စိန်သရဖူစာပေ)<br>အမှတ် (၆၆)၊ ၆-လမ်း၊ လမ်းမတော်။ |
| အတွင်းနှင့်အဖုံး ပုံနှိပ်သူ | ဦးကျော်ရင် (ရွှေခြင်္သေ့ပုံနှိပ်တိုက်)<br>အမှတ် (၂၀၈)၊ ၃၁-လမ်း၊ ပန်းပဲတန်း၊<br>ရန်ကုန်။ |
| ပုံနှိပ်ခြင်း | ပထမအကြိမ်၊ ၂၀၀၂ ခုနှစ်၊<br>နိုဝင်ဘာလ။ |
| တန်ဖိုး | ၃၅၀ ကျပ် |
| အုပ်ရေ | ၅၀၀ |


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


၁။ မေတ္တာကင်းလေး တွေ့မယ်သော

၂။ လက်ဦးဆရာ

၃။ မိဘမေတ္တာ သောကောင်းကျွ

၄။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ

၅။ မတော်လေသာ

၆။ မာနဆိုတာ ချိုနဲ့လား

၇။ ကြက်ဖ မတွန်လည်း မိုးလင်းခဲ့

၈။ ကြမ္မာဝိပါက် လော်ပိုးတက်

၉။ သူတော်ကောင်းဆို နတ်ကောင်းမ

၁၀။ နတ်ခွန်းချို လှိုတာစ်ပါး

၁၁။ စည်းလုံးခြင်းသည် အင်အား

၁၂။ ယုံသင့်မှယုံ

၁၃။ ပဲကြီးလှော်နဲ့ ယယ်ယမ်ရှစ်ပါး


www.burmeseclassic.com

www.burmeseclassic.com

# မေတ္တာကောင်းဝေး တွေ့မယ့်ဘေး



www.burmeseclassic.com

# မေတ္တာကင်းဝေး တွေ့မယ်ဘေး

ညီလေး ညီမလေးတို့ရေ ...

တစ်ခါတုန်းက ညောင်ပင်သာဆိုတဲ့ ရွာလေးမှာ သီဟနဲ့ဝဏ္ဏဆိုတဲ့ သူငယ်ချင်းနှစ်ယောက် ရှိကြသတဲ့။

သူတို့နှစ်ယောက်ဟာ တောထဲမှာ အမဲလိုက်၊ တောကောင်ပစ်၊ ငှက်ထောင်လို့ ရရှိလာတဲ့အခါ မြို့ဈေးကို သက်ရောင်းပြီး ဝမ်းစာရှာကြသတဲ့ကွယ်။

“ဝဏ္ဏရေ ... တို့ ဒီနေ့ မြောက်ဘက်တောကို သွားကြစို့ကွာ”

“ဟော ဘာဖြစ်လို့လဲ၊ မနေ့ကသွားတဲ့ အရှေ့ပိုင်းသွားမယ်လေကွာ၊ အဲဒီက သားကောင်ပေါတာ မင်းအသိပဲဟာ”



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ ဒါပေါ့ကွာ၊ သားကောင်ပေါ်တိုင်းသာ ကိုယ့်အတွက် ကြည့်ပြီးပစ်နေရင် နောင်ဆို ရှားပါးသွားမှာပေါ့ကွ"

"ဟော့ကောင် သီဟ ... တို့လုပ်နေတာက မုဆိုးလေကွာ၊ ကျောင်းဒကာ, ဇရပ်ဒကာ၊ ဘုန်းကြီးကျောင်းဒကာ စကားမျိုးပြောပြီး ဟိုရှောင် ဒီရှောင်လုပ်နေလို့ ဖြစ်မလားကွ၊ မိုးရွာရင်ရေခံ, နေပူရင် အဝတ်လှန်း, လသာတဲ့အခါ ဆတ်သားခြောက်နဲ့ အဖန်ရည် မြည်းရုံရှိတာ မင်းက ဘာကို စိတ်ဇာကြောင်နေရတာလဲ"

အသက်မွေးဝမ်းကျောင်းမှု အတူတကွလုပ်ကိုင်နေကြသော သူငယ်ချင်းများပေမယ့် အကျင့်စရိုက်ချင်းကျတော့ဖြင့် သီဟနဲ့ဝဏ္ဏဟာ ကွာခြားလှသတဲ့။

သီဟက မလွဲသာလို့ မုဆိုးဘဝနဲ့ အသက်မွေးနေရပေမယ့် ကြင်နာသနားစိတ်ရှိသူဖြစ်သတဲ့။

"ငါ့စကားက ကြီးကျယ်တာ မဟုတ်ပါဘူးကွာ၊ ဒီအချိန်က ယုန်လေးတွေ သားကျချိန်လေကွာ၊ အမဲလွှယ်တိုင်းသာပစ်ရင် သူတို့ဘဝ မျိုးဆက်တွေ ပျက်ကုန်ကြမှာပေါ့"

"ပေါက်ပြီ သီဟ ... မင်း ဘာမှမပြောနဲ့တော့၊ မလိုက်ချင် နေခဲ့၊ ငါ့ဘာသာပဲ သွားတော့မယ်၊ သတ္တဝါဆိုတာ ကိုယ်ချွတ်မှ ကျွတ်တာကွ"



www.burmeseclassic.com

www.burmeseclassic.com



ဝဏ္ဏာဟာ သူပြောနေကျစကားကိုပြောပြီး လက်ထဲမှာ လေးနဲ့မြားကိုဖွဲ့လျက် တောထဲကို ထွက်သွားပါရောတဲ့ကွယ်။

သီဟာမှာတော့ ပြောမရပေမယ့် ငယ်သူငယ်ချင်းဖြစ်တာကြောင့် ခင်မင်မေတ္တာထားတော့ မပျက်ဘူးတဲ့ကွယ်။

သီဟာက မုဆိုးဆိုပေမယ့် မိမိအတွက် တစ်နေ့စာ ဖူလုံပြီဆို ဘာကောင်ကိုမှ မပစ်တော့ဘဲ ရွာကို ပြန်လာတတ်သတဲ့။

ပြီးတော့ ... သူဟာ တောကောင်လေးတွေကို သတ်ဖြတ်နေရပေမယ့်လို့ ရင်ထဲက အမြဲမေတ္တာပို့နေတတ်သတဲ့။

"တောထဲကသတ္တဝါလေးတွေ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ"

တောထဲဝင်ပြီးဆိုတာနဲ့လည်း တောစောင့် တောင်စောင့်နတ်တွေကို တောင်းပန်တိုးလျှိုးပြီးမှ ဝင်သတဲ့။

"တောစောင့်နတ်မင်းများခင်ဗျာ ... ကျွန်တော်မျိုး သီဟာမှာ အမှားအယွင်းရှိခဲ့ပါလျှင် တောင်းပန်အပ်ပါသည် ခင်ဗျား။ ကျွန်တော့်အား ဟင်းစားအဖြစ် သင့်တော်ရာအမဲကောင်ကိုသာ ပေးစွန့်တော်မူပါ ခင်ဗျာ"

သီဟာဟာ ဤသို့လျှင် အမြဲတိုင်တည်ပါသတဲ့။ သူတိုင်တည်တဲ့အတိုင်းလည်း သင့်တော်တဲ့ တောကောင်အမဲကတော့ နေ့စဉ်လို ရရှိခဲ့သတဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ တစ်နေ့မှာတော့ သီဟဟာ ဝဏ္ဏနဲ့ စိတ်သဘောထားလွဲပြီး တစ်ယောက်တည်း တောထဲကို ဝင်ခဲ့သတဲ့။

တောနက်ထဲထိ ရောက်ခဲ့တာတောင် သီဟဟာ သားကောင်တစ်ကောင်မှ မရသေးရှာဘူးတဲ့။

ဒီလိုနဲ့သူဟာ တောနက်ထဲဝင်မှန်းမသိ ဝင်လာရင်းနဲ့ တစ်နေရာအရောက် ကျင်းကြီးထဲကို ကျသွားပါလေရော။

'ဝုန်း'

"ဟာ . . . ကျင်းကြီးထဲ ကျပြီဟ . . . ကယ်ကြပါ"

ကျင်းကြီးက ကျောက်သားနံရံကြီးဖြစ်ပြီး လူနှစ်ရပ်စာလောက် ရှိတာကြောင့် အပေါ်ပြန်တက်ဖို့ကို အခက်တွေ့နေရော တဲ့။

"ဒုက္ခပါပဲ . . . ငါ ဒီကျင်းကြီးထဲက ဘယ်လိုတက်ရပါ့မလဲ"

အချိန်ကြာလာတော့ သီဟဟာ ကြောက်လန့်လို့ လာပါသတဲ့။

"အင်း . . . ငါတော့ ဒုက္ခပဲ၊ ညရောက်ရင် တောကောင်ကြီးတွေက ရန်ပြုကြတော့မှာ"

သူဟာ ကြောက်လန့်တကြားနဲ့ တွေးနေတုန်း ရုန်းခနဲ သူ့လိုပဲ ကျင်းထဲကို တစ်စုံတစ်ခုကျလာတာမြင်တော့ သီဟဟာ



www.burmeseclassic.com

www.burmeseclassic.com



အလွန်ပဲ အံ့ဩသွားသတဲ့။

"ဟာ . . . မျောက် မျောက်မကြီးနဲ့ မျောက်သားလေး"

"အတော်ပဲပေါ့ . . . ငါ ဟင်းစားရပြီ"

"တောက် . . . အို . . . ငါ ဘယ်လိုအတွေးမျိုး တွေးမိလိုက်တာလဲ၊ ငါ တစ်နေ့ ဟင်းစားမရတော့ရော ဘာဖြစ်သွားမှာမို့လို့လဲ၊ သူတို့သားအမိခမျာ သနားစရာ"

သီဟဟာ အတွေးတွေ ရှုပ်ယှက်ခတ်ရင်းနဲ့က သူ့ခေါင်းက မျောက်သားအမိနဲ့ မျောက်မကြီးမျက်နှာကို ကြည့်မိလိုက်တဲ့အခါ . . .

"ကွီ ကွီ ကွီ"

"ဟာ . . . မျောက်မကြီးက ငါ့ကို သူ့ကျောပေါ်ကို တက်ဖို့ ငါ့ကို ပြနေတာပါလား။ ကဲ . . . တက်ပြီပေါ့"

မျောက်မကြီးက သီဟကို သူ့ကျောပြင်ပေါ်တက်ဖို့ ဟန် ပြနေတာကြောင့် သီဟလည်း မျောက်မကြီးပြတဲ့အတိုင်း ကျော ပြင်ပေါ်တက်ပြီး လည်ကုပ်ကို မိမိရရ ကိုင်ထားလိုက်ပါတော့ သတဲ့။

မျောက်မကြီးက သီဟကို ကျောပေါ်တင်ပြီး ချွန်းထဲက နေ ကုန်းပေါ်အထိရောက်အောင် တင်ခေါ်လာခဲ့သတဲ့။ သီဟ လည်း ချောက်ထဲက လွတ်မြောက်ခဲ့ပြီဖြစ်တာကြောင့် မျောက်မ

www.burmeseclassic.com

www.burmeseclassic.com



ကြီးအား အလွန်ပဲ ကျေးဇူးတင်သွားမိသတဲ့။

"မျောက်ကြီးရယ် ...ကျုပ်မှာ မျောက်ကြီးပေးတဲ့ အသက်ပဲ ရှိတော့တာပါ၊ အင်း ...ဒါဟာ သူ့အပေါ် ငါ မေတ္တာထားမိလို့သာ သူက ငါ့အသက်ကို ကယ်ခဲ့တာပဲ"

သီဟဟာ အိမ်ပြန်ရောက်လို့ သူ့အဖြစ်အပျက်တွေကို သူငယ်ချင်းဖြစ်တဲ့ ဝဏ္ဏအား ပြောပြတဲ့အခါမှာတော့ ဝဏ္ဏက ယုံကြည်မှုမရှိတဲ့အပြင် ဒီလိုမျိုး ပြောသတဲ့။

"မဖြစ်နိုင်တာ သီဟရာ၊ မင်းဟာက တကယ်ဖြစ်ခဲ့တယ်ပဲ ထားဦးတော့၊ ငါသာဆို အဲဒီ မျောက်သားအမိကို သတ်ပြီး အသားဖုတ်ရောင်းလိုက်ရင် ပိုက်ဆံအများကြီးရမှာကွ"

ဝဏ္ဏကား ဒေါသ၊ မောဟသမားပီပီ မေတ္တာမဲ့စကားကိုသာလျှင် ပြောပါသတဲ့။

"မကြံကြီးစည်အပ် ဝဏ္ဏရာ ...တိရစ္ဆာန်ဖြစ်ပေမယ့် ကိုယ့်အသက်ကို ကယ်ထားတဲ့ဟာ"

"ဘာဖြစ်ဖြစ်ကွာ ...ငါတော့ အဲဒီမျောက်ကြီးရဲ့အောင် အဲဒီတောကို သွားဖြစ်အောင်ကို သွားဦးမယ်ကွ"

ဒီလိုနဲ့ဝဏ္ဏဟာ သူ ကြုံးဝါးထားတဲ့အတိုင်း သီဟပြောတဲ့တောထဲကို အမဲလိုက်ရောက်ခဲ့တော့သတဲ့ကွယ်။

တောက နက်လာတာနဲ့အမျှ ဝဏ္ဏစိတ်ထဲမှာလည်း



www.burmeseclassic.com

www.burmeseclassic.com



ကြောက်ရွံ့မှုတော့ ဖြစ်လာသတဲ့။

"နောက်လှည့်ပြန်ရ ကောင်းမလား။ အို ... မျောက်ကြီး သာ ရရင် ငါ ငွေတွေအများကြီးရမှာ"

ဒီလိုနဲ့ တွေးတောရင်း ဝဏ္ဏဟာ တွင်းနက်ကြီးထဲ ကျ သွားပါသတဲ့။

'ဝုန်း'

"အား ... ကျပြီဟ"

"အား ... ကယ်ကြပါ ကယ်ကြပါ"

တွင်းကြီးကနက်လှတာမို့ ဝဏ္ဏဟာ ကြောက်လန့်တ ကြားနဲ့ အော်သတဲ့။

"ကယ်ပါ ... ကယ်ကြပါ ကယ်ကြပါ"

ဒီအခိုက် တွင်းဝမှာ မျောက်မကြီးတစ်ကောင် ပေါ်လာ ပါသတဲ့။

'ကွီ ကွီ ကွီ'

မျောက်ကြီးကိုမြင်တာနဲ့ ဝဏ္ဏဟာ အကြံသမားပီပီ ပိုပြီး အော်ပြသတဲ့။

"ကယ်ပါ မျောက်ကြီး ... ကျုပ်ကို ကယ်ပါများ"

မျောက်ကြီးဟာ ပထမ မယုံမရဲနှင့် ကြည့်နေပြီး နောက် တော့ ဝဏ္ဏရှိရာတွင်းထဲကို ဆင်းလာခဲ့တော့သတဲ့ကွယ်။



www.burmeseclassic.com

www.burmeseclassic.com



အကြံသမားဝဏ္ဏဟာ မျောက်ကြီး သူ့အနားရောက်တာနဲ့ လက်ထဲက တောလိုက်ဓားနဲ့ မျောက်ကြီးရဲ့နံကြားကို ထိုးလိုက်သတဲ့။

"ကဲကွာ ... မျောက်သားစားရပြီဟေ့"

'စွပ်'

'ခွီး ခွီး ခွီး'

မျောက်ကြီးဟာ ရရှိထားတဲ့ ဓားဒဏ်ရာနဲ့ သေသွားသတဲ့။

အကြံသမား လောဘစိတ်နဲ့ မေတ္တာစိတ်ကင်းမဲ့သူ ဝဏ္ဏမှာ မျောက်သေကြီးကိုသယ်ပြီး တွင်းပေါ်တက်ဖို့နေနေသာသာ သူကိုယ်တိုင်တောင် တွင်းထဲကတက်လို့ မရတာကြောင့် တွင်းကြီးထဲမှာ လေးငါးရက် အစာငတ်၊ ရေငတ်နဲ့ မသေရုံတမယ်နေခဲ့ရသတဲ့။

သူငယ်ချင်းဖြစ်သူ သီဟ ရောက်လာခဲ့လို့သာ သူ အသက်ရှင်ခဲ့ခြင်းဖြစ်တော့သတဲ့ကွယ်။

ဝဏ္ဏဟာ အဲဒီအချိန်ကစလို့ သတ္တဝါများရဲ့အပေါ်မှာ အကြင်နာမေတ္တာစိတ်များ ပွားများခဲ့လျက် အမဲလိုက်ခြင်းအလုပ်ကိုလည်း သူရော သီဟပါ မလုပ်ကိုင်ကြတော့ချေ။

ညီ၊ ညီမလေးတို့လည်း သတ္တဝါများရဲ့အပေါ်မှာ ကြင်



www.burmeseclassic.com

www.burmeseclassic.com



နာသနားစိတ်နဲ့ မေတ္တာပွားနိုင်ကြပါစေကွယ်။

ကောင်းမြတ်သောမေတ္တာ၊ စေတနာထားရှိသူကို လူအများသာမက နတ်အပေါင်းကပါ ချစ်ခင်နှစ်သက်ပါသတဲ့ကွယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# လက်ဦးဆရာ



www.burmeseclassic.com

www.burmeseclassic.com

# လက်ဦးဆရာ

ညီ၊ ညီမလေးတို့ရေ ...

တစ်ခါတုန်းက ပျဉ်းမဆိုတဲ့ ရွာကြီးတစ်ရွာ ရှိသတဲ့ ကွယ်။

ပျဉ်းမရွာသူရွာသားတွေဟာ လယ်ယာလုပ်ငန်းခွင်နဲ့ အသက်မွေးဝမ်းကျောင်းမှုပြုပြီး စီးပွားရေးလည်း ကောင်းကြပါသတဲ့။

ထိုရွာသူရွာသားတွေထဲကမှ မောင်သူရလေးမှာတော့ မိဘများကလည်း မရှိ ဆွေမျိုးမိသင်္ဂဟကလည်း မရှိတာကြောင့် ဆင်းရဲနွမ်းပါးရှာပါသတဲ့။

မောင်သူရဟာ ဝမ်းရေးအတွက်တော့ဖြင့် ရွာထဲအိမ်



www.burmeseclassic.com

www.burmeseclassic.com



တွေမှာ ထင်းခွေ၊ ရေခပ်၊ နွားစာစဉ်း စတာတွေကို လုပ်ကိုင်ပေးရသတဲ့ကွယ်။

"မောင်သူရရေ ... နွားစာစဉ်းပြီးရင် ထမင်းစားရအောင်ဟေ့၊ ပြီးမှ ရေခပ်ပေါ့"

"ဟုတ်ကဲ့ အရီးလှအေး ... ကျွန်တော်လည်း နွားစာကျွေးပြီးရင် ပြီးပါပြီ"

"အေး အေး"

အတတ်ပညာရော စီးပွားဥစ္စာပါ မရှိရှာတဲ့ သူရလေးဟာ စိတ်စေတနာကောင်းရှိတာကြောင့်မို့လို့ ရွာသူရွာသားတွေက တော့ ချစ်ခင်ကြပါသတဲ့ကွယ်။

ဒီလိုနဲ့ တစ်နေ့မှာ မောင်သူရဟာ အလုပ်တွေပြီးသွားတာကြောင့် ရွာထိပ်ဘက်ကို လမ်းလျှောက်ထွက်ခဲ့ပါသတဲ့။

"အရီးမကြွင်လှရေ ... ကျွန်တော် ရွာထိပ်ခဏသွားဦးမယ်ဗျို့"

"အေးဟေ့ ... အေး အေး"

သူရဟာ ရွာထိပ်ရောက်တော့ သစ်ပင်ရိပ်အောက်မှာ ခဏနားရင်း ဟိုဟိုဒီဒီကို ကြည့်မိလိုက်တဲ့အခါမှာတော့ ထူးခြားတဲ့မြင်ကွင်းကို မြင်လိုက်မိပါသတဲ့။

ကန်ရေပြင်စပ်တစ်နေရာမှာ ဗျိုင်းတစ်ကောင်ဟာ



www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်ထဲကငါးကို မစားသေးဘဲနဲ့ မိုးပေါ်ကို မြှောက်တင်လိုက်၊ ပါးစပ်နဲ့ ပြန်ဖမ်းလိုက်၊ မိုးပေါ်ကို တစ်ဖန် မြှောက်တင်လိုက်၊ ပါးစပ်နှုတ်သီးနဲ့ ပြန်ဖမ်းလိုက်နဲ့ အကြိမ်ပေါင်းများစွာ မြူလုပ်နေပါသတဲ့။

မောင်သူရဟာ ထိုဖြစ်အင်ကို ကြည့်ပြီးတဲ့အခါ အင်မတန် သဘောကျသွားသလို အင်မတန်မှလည်း စိတ်ဝင်စားသွားပါသတဲ့။

ပြီးတော့ ခုလိုကြံမိသတဲ့။

"အင်း ... ဒီဗျိုင်းလေးပညာက တယ်တော်ပါလား။ ငါသာ သူ့လိုပညာမျိုးတတ်ခဲ့ရင် ရွာတွေကိုလှည့်လည်ပြီး အခကြေးငွေနဲ့ ပြသရင် ပိုက်ဆံတွေအများကြီးရမှာပဲ၊ ဒီတော့ ဗျိုင်းလေးဆီကပညာကို အတုခိုးပြီး သင်ယူရမယ်"

ဒီလိုဆုံးဖြတ်ချက်ချပြီးတာနဲ့ မောင်သူရလေးဟာ ချုံကွယ်ကနေပြီး ဗျိုင်းကလေးဆော့ကစားနေတာကို စောင့်ကြည့်နေခဲ့ပြီး အသေအချာမှတ်သားခဲ့ကာ ရွာထဲကို ပြန်ရောက်ခဲ့ပါသတဲ့။

ရွာရောက်လို့ သူနေတဲ့ အိမ်ပြန်ရောက်တာနဲ့ သူဟာ ဗျိုင်းက ငါးကို မိုးပေါ်မြှောက်လိုက် နှုတ်သီးနဲ့ပြန်ဖမ်းလိုက်နဲ့ အကြိမ်များစွာလုပ်တာကို သူက ပထမ ကျောက်ခဲလုံးလေးတွေ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ကျင့်သတဲ့။

"ဟိတ် ... လာခဲ့ ... ဟုတ်ပြီ၊ နောက်တစ်လုံး ဟိတ် ... လာခဲ့၊ ဟုတ်ပြီ ... မိတယ်"

ဒီလိုနဲ့ မောင်သူရဟာ အချိန်ကြာလာတာနဲ့အမျှ ဗျိုင်းဆီက လေ့လာသင်ယူခဲ့တဲ့အတိုင်း သူဟာ ကျွမ်းကျင်တတ်မြောက်ခဲ့ပါတယ်တဲ့။

သူဟာ ပထမကျောက်ခဲလုံးကို မိုးပေါ်မြောက်ပြီး ပါးစပ်နဲ့ ပြန်ဖမ်းသတဲ့။

နောက်တော့ ကျွမ်းကျင်လာတာနဲ့အမျှ အသွားထက်မြနေတဲ့ ဓားမြှောင်ကို မိုးပေါ်ကိုမြှောက်ပြီး ပြန်ကျလာတဲ့အခါမှာ ပါးစပ်နဲ့ ဖမ်းပြသတဲ့။

မောင်သူရဟာ သူတတ်ထားတဲ့ပညာနဲ့ ရွာစဉ်လှည့်ပြီး ပြသတဲ့အခါ ငွေကြေးအမြောက်အမြား ရရှိခဲ့သလို တစ်နေ့ထက်တစ်နေ့ နာမည်ဂုဏ်သတင်းလည်း ပို ပို ကြီးမားလာပါသတဲ့ကွယ်။

"ဟော့ ... မောင်သူရလေးပညာကတော့ အံ့ဖွယ်ပဲဟော့၊ ချွန်မြနေတဲ့ဓားကိုမှ မိုးပေါ်မြှောက်ပြီး ပါးစပ်နဲ့ဖမ်းပြတာပဲကွာ၊ တို့တော့ သူ့အစား ကျောချမ်းပြီး အာယားလိုက်တာကွာ၊ စူးလိုက်လို့ကတော့ ..."

---

**ရွှေကားဘေ**

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါ့ ဟုတ်ပါ့ ... ဒါ ဆရာကောင်းဆီမှာ သင်ယူထားလို့သာ နေမှာ"

"အေး ... ဟုတ်တယ်ကွ၊ သူတောင် ဒီလောက်တော်နေပြီဆိုမှ သူ့ဆရာဆို ဒီထက်မကနေမှာ"

လူအများက အမျိုးမျိုး ကောင်းချီးပေးကြသလို လူသိလည်း ပိုများလာကာ တစ်နေ့ထက်တစ်နေ့ ပိုပြီးကျော်ကြားလာတယ်ကွဲ့။

တချို့ရွာကြီးတွေရဲ့ ဘာသာရေးပွဲသာမက ပျော်ပွဲရွှင်ပွဲများအဆုံး မောင်သူရရဲ့ ဓားအစွမ်းပြကွက်ကပွဲက မပါမဖြစ်ဆိုသလို ကျော်ကြားလာခဲ့တာပေါ့။

"ဟေး ဝေး ... မောင်သူရလေးက သိပ်ပြီးတော်တာပဲဟေ့၊ ချွန်ထက်တဲ့ဓားကိုမှ ပါးစပ်နဲ့ ဖမ်းပြရတယ်လို့ကွာ"

"အေးလေ အေးလေ ... တို့သာဆို အာခေါင်ထဲ တန်းစူးဝင်မှာကွ၊ အဟိ ... ကျောချမ်းပါရဲ့"

ပရိသတ်အများက မောင်သူရရဲ့စွမ်းရည်တို့ကို အမျိုးမျိုး ချီးမွမ်းထောပနာပြုကြသတဲ့။

ကြည့်ရှုသူအများက ပေးကမ်းစွန့်ကြဲကြသဖြင့် ငွေကြေးမြောက်မြားစွာ ရရှိလေ၏။

ထိုအခါ မောင်သူရလေးဟာ သူ့တတ်ထားတဲ့ပညာကို



www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်ယူဝံ့ကြွားလို့လာသတဲ့။

"အင်း . . . ငါ့ပညာက အံ့မခန်းပါပဲလား။ ငါ ဘယ်သူ့ဆီက သင်ယူရတယ်ဆိုတာတော့ ပြောပြလို့မဖြစ်ဘူးထင်တယ်၊ ဗျိုင်းတစ်ကောင်ဆီကသာ သင်ယူခဲ့တာဆိုရင် ငါ့ကို ဘယ်သူမှ အထင်ကြီးကြတော့မှာ မဟုတ်ဘူး။ ဒီတော့ မြို့က ဆရာကြီးတစ်ယောက်ဆီက သင်ယူရတယ်လို့ ပြောမယ်'

မောင်သူရဟာ လက်ဦးဆရာဖြစ်တဲ့ ဗျိုင်းလေးကို မေ့ထားလိုက်သတဲ့။

ဒီလိုနဲ့တစ်နေ့မှာတော့ . . .

မြို့ဝန်မင်းက မောင်သူရရဲ့ ဓားစွမ်းပညာကို ကြည့်ရှုဖို့ ဖိတ်ကြားခံရသတဲ့။

"အေး . . . မောင်သူရလေးရဲ့ ဓား ပိုးပေါ်မြှောက်ပြီး ပါးစပ်နဲ့ ပြန်ဖမ်းပြတာကို ငါ ကြည့်လိုတယ်"

"ကောင်းပါပြီ မြို့ဝန်မင်း"

မောင်သူရဟာ မြို့ဝန်မင်းအိမ်ကြီးမှာ သူ့ပညာကို ပြသခွင့်ရသတဲ့။

မြို့ဝန်မင်းလည်း အလွန်သဘောကျသွားသတဲ့။

ပြီးတော့ ဒီလိုမေးသတဲ့ကွယ်။

"မောင်သူရ . . . မောင်မင်းရဲ့ပညာကတော့ဖြင့် အံ့



www.burmeseclassic.com

www.burmeseclassic.com



မခန်းပဲကွ၊ အမောင် ဘယ်သူ့ဆီက သင်ယူခဲ့ရတယ်ဆိုတာ အမှန်ကို လျှောက်တင်စမ်း"

မြို့ဝန်မေးလာသောအခါ မောင်သူရက ...

"အင်း ... အမှန်အတိုင်းပြောရင် ငါ့ကို အထင်သေး ကြတော့မှာပဲ၊ ဒီတော့ကော"

"ဟုတ်ကဲ့ခင်ဗျာ ... ကျွန်တော်ဟာ မြို့ကြီးဆီက ဆရာကြီးတစ်ယောက်ဆီက အင်မတန်မှ ခက်ခက်ခဲခဲနဲ့ သင်ယူ ရခဲ့ခြင်း ဖြစ်ပါတယ်"

မြို့ဝန်ကြီးက ယုံသွားသတဲ့ကွယ်။

ဒါနဲ့ ...

"အိမ်း ... ဟုတ်လောက်ပေတယ်၊ ကဲ ကဲ ... မင်း ပညာအစွမ်းကို ပြန်ပြီးပြစမ်းပါဦးကွာ"

ထိုအခါ မောင်သူရမှာလည်း ယခင်ပြသနေကျအတိုင်း ထက်မြနေတဲ့ဓားတွေကို မိုးပေါ်ကိုမြှောက်လို့ ပါးစပ်နဲ့ဖမ်းပြ သတဲ့။

ဒီတော့မှ ဆရာကို လိမ်လည်ပြောခဲ့တဲ့ မောင်သူရဟာ ဒုက္ခရောက်ပါလေရောတဲ့။

သူ လေ့ကျင့်သင်ယူထားသမျှတွေဟာ အားလုံးပျောက် ပျောက်ပြီး ဓားတွေကို ဘယ်လိုမှ ဖမ်းလို့မရတော့ဘူးတဲ့ကွယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟေ့ သူရ ... ဘယ်လိုဖြစ်တာတုံးကွ ... ဟော"

မြို့ဝန်က မေးလေတော့ မောင်သူရဟာ သူ့အမှား သူသိလို့ အဖြစ်မှန်ကို ဝန်ခံပြောခဲ့လေသတဲ့ကွယ်"

"ဟုတ်ကဲ့ ... ကျွန်တော်ဟာ လက်ဦးသင်ဆရာ ဗျိုင်းလေးအပေါ်မှာ ဆရာဖျောက်စော်ကားမိလို့သာ ကျွန်တော့်ပညာတွေ ကွယ်ပျောက်ကုန်တာပါ"

"အင်း ... သူရ သူရ ... မင်းဟာ အင်မတန် မိုက်မဲတာကိုးကွ၊ ဒီတော့ မင်းထိုက်နဲ့မင်းကံပဲပေါ့ကွယ်၊ နောက်ကို ခုလိုအဖြစ်မျိုး ရှောင်ကျဉ်နိုင်အောင် ကြိုးစားပေါ့"

မြို့ဝန်က ဆုံးမပြီး ပြန်လွှတ်လိုက်တဲ့အခါ မောင်သူရဟာ ခေါင်းငိုက်စိုက်ချလို့ နောင်တတွေများစွာနဲ့ ပြန်ခဲ့ရတော့သတဲ့ကွယ်။

သူဟာ ရွာကိုပြန်ရောက်တဲ့အခါမှာတော့ ခါတိုင်းလို ထင်းခွေ၊ ရေခပ်နဲ့ သူများခိုင်းတာပဲ ပြန်လုပ်ရတော့တယ်တဲ့ကွယ်။

ညီ၊ ညီမလေးတို့ရေ ...

မောင်သူရဟာ ဗျိုင်းအပေါ်မှာ ဆရာအနေနဲ့ သိတတ်မှု မရှိခဲ့လို့ ဒုက္ခရောက်ခဲ့ရတာပေါ့။

ညီ၊ ညီမလေးတို့လည်း ကိုယ့်ရဲ့ လက်ဦးဆရာရှိခဲ့ရင်



www.burmeseclassic.com

www.burmeseclassic.com



ပစ်ပယ်မှုမပြုမိစေနဲ့ပေါ့ကွယ်။

ဒါဆို အစစအရာရာမှာ အောင်မြင်မှုပန်းတိုင်ကို အမြဲ ဆွတ်ခူးနိုင်ကြမှာပေါ့ကွယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# မိဘမေတ္တာ ဘေးကင်းကွာ



www.burmeseclassic.com

www.burmeseclassic.com

## မိဘမေတ္တာ ဆောကင်းကျွာ

ညီ၊ ညီမလေးတို့ရေ ...

တစ်ခါတုန်းက ဖီးပင်သာခေါ်တဲ့ ရွာလေးမှာ မုဆိုးမသားအမိဖြစ်တဲ့ ဒေါ်ညိုနဲ့သားဖြစ်သူ မောင်ဖိုးပြားတို့ နေထိုင်ကြသတဲ့။

မိခင်ဒေါ်ညိုက သားဖြစ်သူဖိုးပြားကို အင်မတန် ချစ်ပါသတဲ့။

"အင်း ... ငါ့သားလေးဖိုးပြားက ဖတဆိုးလေးဆိုတော့ ငါပဲ ပိုချစ်ရတော့မှာပေါ့"

"သားဖိုးပြားရေ ... ဒီမှာ သားအတွက် အင်္ကျီတွေ ဆောင်းဘီတွေ လာကြည့်စမ်း"

www.burmeseclassic.com

www.burmeseclassic.com



"ဟာဗျာ ... အမေကလည်း ဒီမှာဆော့နေတာကို အလကား အလုပ်ရှုပ်တယ်"

ဖိုးပြားဟာ မိခင်က အလိုလိုက်မှန်းသိတဲ့အခါမှာတော့ အမျိုးမျိုးဆိုးပါတော့သတဲ့။

မိခင်ကြီးကိုလည်း ရိုသေရမှန်း မသိ၊ ရွာသူရွာသားတွေကိုလည်း ဘယ်သူ့ကိုမှ အလေးမထား ဖြစ်လာတော့တာပေါ့ကွယ်။

"သားဖိုးပြားရေ ... ဆော့တာခဏနားပြီး ရေတစ်စည်လောက် ခပ်ပေးပါလားကွယ်"

"ဟာဗျာ ... ခပ်ချင်ပါဘူးဗျာ၊ ဦးလူအေးကို ပိုက်ဆံပေးပြီး ခပ်ခိုင်းလိုက်ပါလား"

"ဒါဖြင့် နွားစာလာကျွေးလှည့်"

"ကျွေးချင်ဘူးဗျာ ... ဒီမှာ ဆော့နေတာ အရှိန်ပျက်တယ်ဗျ။ အမေတို့က ခိုင်းဖို့ချည်း စဉ်းစားနေသလား မသိဘူး"

ဖိုးပြားဟာ တစ်နေ့ထက်တစ်နေ့ ပိုပိုပြီး ဆိုးလာသတဲ့။ အိမ်အလုပ်ကို စိတ်မဝင်စားတဲ့အပြင် လူကြီးသူမကိုတောင် ရိုသေရမှန်းမသိအောင် ဖြစ်လာတော့သတဲ့။

"ဒေါ်ကြီးသန်း ... ကျုပ်ရှေ့က ဖယ်စမ်းဗျာ၊ ဒီမှာ ခွေလိမ့်နေတာ မမြင်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"အလိုတော် ... ဖိုးပြား နင် သိပ်ရိုင်းပါလား၊ ငါ နင့်အမေ ဒေါ်ညိုနဲ့တော့ တိုင်ပြောဦးမှပဲ"

"တိုင်ပေါ့ဗျ ... အမေက ကျုပ်ကိုသိပ်ချစ်တာ"

"အင်း ... ဒီကလေးတော့ ကြာရင်ပျက်စီးတော့မယ်၊ လူကြီးကို လူကြီးမှန်းမသိ ဘာမှန်းမသိနဲ့"

ဖိုးပြားဟာ အိမ်မှာ မိခင်ကြီးက သူ့ကိုချစ်တာကို အခွင့်အရေးယူပြီး လူကြီးတွေအပေါ် မထီမဲ့မြင်ပြုလာသလို ရွယ်တူတန်းတူကလေးဖော်တွေကိုလည်း အမျိုးမျိုးသောနည်းနဲ့ အနိုင်ကျင့် ဗိုလ်ကျလာသတဲ့ကွယ်။

"ဟေ့ကောင် ပေသီး ... မင်း ငါ့လောက်စာလုံးတွေ ပြန်ပေးမလား မပေးဘူးလား ... ဒါပဲပြော"

"ပေးဘူးကွာ ... မင်း ရှုံးသွားတဲ့ဟာကို"

"အေး ... မပေးရင် ချတယ်ကွာ ချတယ် ... ကဲ ကွာ ... ချတယ်ကွာ ... ကဲ ကဲ"

"အား အီး ... အမေရေ ဖိုးပြား သားကို ထိုးနေပြီဗျ"

ကလေးချင်းအနိုင်ကျင့်ရုံသာမက လူကြီးများကိုလည်း ကလန်ကဆန်နဲ့ ရန်လုပ်လာသတဲ့။

"ဟဲ့ ဖိုးပြား ... နင် ဘာလို့ ငါ့သားကို အနိုင်ကျင့်ရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လဲဗျ ... ခင်ဗျားသားက ကျူပ်ဟာမှ ပြန်မပေးတာ ... ချမှာပဲ"

"အေး ... နင့်ကို ဒေါ်ညိုနဲ့ကို လာတိုင်ဦးမယ် ... သိလား"

"တိုင်ဗျာ ... တိုင်တစ်လုံး ငါးမတ်"

ရွာထဲက လာတိုင်လို့ မိခင်ဒေါ်ညိုက ဆုံးမတော့လည်း အချိန်ပိုင်းလောက်သာ ငြိမ်သတဲ့။ ပြီးတာနဲ့ ဆိုးမြဲဆိုးသတဲ့။

"ဖိုးပြား ... နင် ရွာထဲကအေးညွန့်ကို မိုက်မိုက်ရိုင်းရိုင်း ပြန်ပြောလို့ဆို၊ လာခဲ့စမ်း ... ငါတစ်ယောက်လုံးရှိနေတာတောင် ... ကဲဟယ် ကဲကဲ"

"အား ... ကြောက်ပါပြီဗျ၊ နောက် မပြောတော့ပါဘူးဗျ"

တုတ်နဲ့ရိုက်တဲ့ခဏသာ ငြိမ်ပြီး ကြောက်ပါပြီအော်ပေမယ့် ခဏအကြာ သူများလာတိုင်သတဲ့။

"ဒေါ်ညိုရေ ... ဖိုးပြားကို ဆုံးမပါဦး၊ ဒီမယ် ... ကျူပ်သားကို ထိုးကြိတ်သွားပြန်ပြီ"

မိခင်ကြီးဒေါ်ညိုခမျာ သားကို အလိုလိုက်ချစ်ခဲ့မိရာက ခုလို ဆိုးသွမ်းမိုက်မဲနေလေတော့ နောင်တရမိနေလေတော့၏။

"တောက် ... ဒင်းက ငါ့အချစ်တွေကို အခွင့်ကောင်းယူပြီး



www.burmeseclassic.com

www.burmeseclassic.com



မိဘမျက်နှာကို အိုးမည်းသုတ်နေတာပေါ့လေ၊ ဒီမယ်ဖိုးပြား . . . နင် ငါ့အိမ်ကဆင်း။ သွားလေရာမှာ ဘေးများတွေ့ပါစေတော်၊ သွား သွား . . . နင့်မျက်နှာ ငါမကြည့်ချင်ဘူး"

မိခင်ကြီးဒေါ်ညိုဟာ ဒေါသတွေဖြစ်လွန်းမကာ ဖြစ်လာတာကြောင့် သားလုပ်တဲ့ဖိုးပြားအား အိမ်ပေါ်မှ ခုပ္ပုကြိမ်းမောင်းပြီး နှင်ချလိုက်သတဲ့။

"သွား ဖိုးပြား . . . နင် ငါ့မျက်စိရှေ့ကနေ အနှုတ်သွား။ မိဘစကား နားမထောင်တဲ့အကောင် . . . သွားလေရာ ဘေးတွေ့ပါ စေတော်"

ဒီလိုနဲ့ ဖိုးပြားဟာ တစ်ကြိမ်တစ်ခါမျှ မကြားဖူး၊ မမြင်ဖူးတဲ့ မိခင်ကြီးရဲ့ဒေါသကြောင့် အိမ်ပေါ်က ခေါင်းငိုက်စိုက်ချပြီး ဆင်းခဲ့ပါသတဲ့။

ဖိုးပြားဟာ ရွာလယ်လမ်းအတိုင်း လျှောက်လာရင်းနဲ့ သူ့မျက်စိရှေ့ကို တစ်ဟုန်ထိုးပြေးဝင်လာတဲ့ နွားသိုးကြီးကို မြင်လိုက်ရပါသတဲ့။

"ဟာ . . . နွားကြီး ငါ့ကို ခွေတော့မယ်"

နွားကြီးက သူနဲ့ အလွန်နီးလာတဲ့အခါမှာ ဖိုးပြားဟာ သူ့အမေ ဒေါ်ညိုပြောလိုက်တဲ့စကားကို ပြန်လို့ကြားမိလိုက်ပါသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



"မိဘစကားနားမထောင်နဲ့ ကလန်ကဆန်လုပ်တဲ့ အကောင် ...သွားလေရာမှာ ဘေးတွေ့ပါစေတော်"

ဖိုးပြားဟာ အမေက သူ့အားပြောတာကို ကြားယောင်ကာ ဤသို့ တွေးမိလိုက်ပါသတဲ့။

"အင်း ... အမေက ငါ့ကို အရမ်းချစ်တာ၊ ငါဆိုးလို့သာ အမေ ဒီလိုပြောတာပဲ၊ အမေ့စေတနာ မေတ္တာဟာ ဒေါသ အလျောက် ပြောခဲ့တာဆို၊ အခု ငါ့ဆီကို ဝှေ့ဖို့လာတဲ့နွားကြီးဟာ ငါ့ကို မဝှေ့ဘဲနဲ့ ထွက်သွားပါစေ"

ဖိုးပြားဟာ စိတ်ထဲက ဤသို့တွေးမိလိုက်တာနဲ့ သူ့ထံသို့ တန်းတန်းမတ်မတ် ဝှေ့ဖို့ပြေးလာတဲ့ နွားကြီးဟာ တုံ့ခနဲရပ်ပြီး နောက် လာလမ်းအတိုင်း ပြန်လှည့်လို့ပြေးသွားပါသတဲ့။

"ဟာ ... နွားကြီးက ငါ့ကို မဝှေ့ဘဲနဲ့ ပြန်လှည့်သွားပါလား။ ဒါဆို အမေက ငါ့ကို မချစ်လို့ပြောခဲ့တာမှ မဟုတ်ဘဲ၊ အမေ့မေတ္တာကြောင့်သာ ငါ မသေတာဘဲ၊ ဒီနေ့ကစပြီး အမေ့ စကား နားထောင်ပြီး လိမ်လိမ်မာမာ နေတော့မယ်"

ဖိုးပြားဟာ အိမ်ကို ချက်ချင်းပြန်လာခဲ့ပြီး မိခင်ကြီးကို ကန်တော့လို့ သူ့အမှားတွေကိုလည်း တောင်းပန်ပြီး လိမ်လိမ် မာမာ နေသွားဖို့ ကတိပေးလိုက်ပါသတဲ့ကွယ်။

"အမေ ... ကျွန်တော့်ဟာ အမေ့စေတနာ မေတ္တာ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် အသက်မသေတာပါ၊ ဒါကြောင့် ဒီနေ့ကစပြီး လိမ်လိမ်မာမာနဲ့ နေသွားပါတော့မယ် အမေ"

"အေးကွယ် ... ငါ့သား လိမ္မာရေးခြားရှိပြီး ကျန်းမာပါစေ ချမ်းသာပါစေကွယ်"

"အမေပေးတဲ့ဆုနဲ့ ပြည့်ပါစေ"

မိခင်ကြီးဟာ သားဖြစ်သူဖိုးပြားကို ကြင်နာစွာနဲ့ ဖက်ထားလိုက်ပါသတဲ့။

ညီ၊ ညီမလေးတို့ရေ ...

မိဘစကား နားထောင်လို့ လိမ္မာရေးခြားရှိတာဟာ လောကမှာ အကောင်းမြတ်ဆုံးသော မင်္ဂလာတစ်ပါးပေါ့ကွယ်။

ဖိုးပြားဟာ သူ့ကိုဝှေ့ဖို့လာတဲ့ နွားကြီးဟာ အမေ သူ့အပေါ်မှာ ကရုဏာစေတနာဒေါသနဲ့ ပြောခဲ့ပါလျှင် ရှောင်လွှဲသွားပါစေလို့ ဆန္ဒပြုလိုက်တဲ့အတွက် မိခင်ကြီးစေတနာကြောင့် အသက်ဘေးက လွတ်ခဲ့ရတယ်လေ။

ညီ၊ ညီမလေးတို့လည်း မိဘရဲ့မေတ္တာ စေတနာကို နားလည်ပြီး လိမ္မာရေးခြားရှိကြပေါ့ကွယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

# ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ



www.burmeseclassic.com

www.burmeseclassic.com

## ဗုဒ္ဓ သရဏံ ဂစ္ဆာမိ

ညီ၊ ညီမလေးတို့ရေ ...

တစ်ခါတုန်းက ဖီးကုန်းရွာကြီးမှာ ထင်းခုတ်သမား ဆင်မယားနှစ်ယောက်လည်း နေထိုင်ကြသတဲ့ကွယ်။

တခြားရွာသူရွာသားတွေက လယ်ယာကိုင်းကျွန်း လုပ်ကိုင်ကြပေမယ့် သူတို့လင်မယားမှာတော့ ဆင်းရဲလွန်းလို့ တောထဲမှာပဲ ထင်းခုတ်ပြီး အသက်မွေးရပါသတဲ့ကွယ်။

"ရှင်မရေ ... ထမင်းထုပ်အဆင်သင့်ဖြစ်ရင် သွားကြစို့အော့၊ နေတောင် အတော်မြင့်နေပြီကွ"

"အေးပါတော် ... ဒီမှာ အဝတ်တွေလည်း လှန်းလို့ရ သေးတာတော့၊ လာပါပြီ လာပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ တောင်ပိုင်းက ဦးလူဝကို လှည်းတစ်စီးတိုက် ပို့ပေးရမှာကွ၊ မင်းဗိုက်ထဲက ကလေးအတွက် ခုကတည်းက ငွေကြိုးစားပြီး ရှာထားရမှာ"

ကိုသာရနဲ့ မထွန်းတို့ဟာ အရွယ်လွန်မှ အိမ်ထောင်ကြ ကြသူများဖြစ်တာမို့ မကြာခင် ရလာတော့မယ့် ကလေးအတွက် အလွန်ဝမ်းသာနေကြသတဲ့။

ထင်းခုတ်သွားရာမှာ မောင်တစ်ထမ်း မယ်တစ်ရွက်နဲ့ လုပ်ကိုင်ကြရင်း ပင်ပန်းရမှန်းလည်း မသိကြဘူးတဲ့ကွယ်။

"ခဏတစ်ဖြုတ်များ အနားယူပါဦးလား ကိုသာရရယ် နေက ပြင်းလှပါဘိနဲ့၊ ပင်ပန်းလှရော့ပေါ့"

"ပင်ပန်းပါစေကွာ . . . မင်းဗိုက်ထဲက ငါ့သားအတွက် ကြိုးစားထားရမယ်ကွ"

ဒီလိုနဲ့ . . .

ကိုသာရနဲ့ မထွန်းတို့လင်မယားမှာ သားလေးနန္ဒအား မွေးဖွားခဲ့ပါသတဲ့။

မောင်နန္ဒလေးဟာ သူ့နာမည်နဲ့လိုက်အောင် ဖြူဖြူဖွေး ဖွေး နဲ့ ချစ်စရာကောင်းလှပါသတဲ့။

ဒါကြောင့် အမေ အဖေသာမက တစ်ရွာလုံးက မောင်နန္ဒလေးအား အချစ်ပိုခဲ့ကြပါသတဲ့။

ရွှေကောအာလ

www.burmeseclassic.com

www.burmeseclassic.com



"သာရတို့ကတော့ သားသမီးရတာ သိပ်ကံကောင်းတာ ပဲကွာ၊ မောင်နန္ဒလေးက လူချောလူလှလေးပဲ"

"ဟုတ်ပါ့တော် ... ကျုပ်တို့ကို မွေးစားဖို့ ပေးပါလား"

"ဟာဗျာ ... ကျုပ်သားကို ဘာဖြစ်လို့ ပေးရမှာတုံး၊ ကျုပ်သားကို လူလူသူသူဖြစ်အောင် ကျုပ် ထားနိုင်ပါတယ်ဗျ"

"ဟုတ်ပါ့တော် ... ပြောလိုက်စမ်းပါ"

လင်မယားနှစ်ယောက်မှာ သားဖြစ်တဲ့ မောင်နန္ဒလေးအား အင်မတန်ချစ်ကြတာမို့ တောထဲ ထင်းခုတ်သွားတဲ့အခါမှာလည်း တစ်ပါတည်း ခေါ်ဆောင်သွားသတဲ့။

"မထွန်းရေ ... တို့တွေ ဒီနေ့ နေမွန်းမတိမ်းခင် သွားမှကွ၊ ဒါမှ ဦးကြီးမြပေါ်ကို လှည်းတစ်စီးတိုက် ပို့နိုင်မှာ"

"သွားတာပေါ့တော်၊ ဒါမှ ကျုပ်တို့သားကို ရှင်ပြုနိုင်မှာ တော့"

မောင်နန္ဒလေးဟာ အင်မတန်မှ ချစ်ဖို့ကောင်းရုံတင် မကဘဲ သူ လူမှန်းသိတတ်တဲ့အချိန်ကစလို့ သူ့နှုတ်ဖျားက "ဗုဒ္ဓ သရဏံ ဂစ္ဆာမိ" ဆိုတဲ့ ဘုရားစာကို ရွတ်ဖတ်နေတတ်သတဲ့။

လှုပင်ငယ်သော်လည်း အဖေ အမေတို့ကို တတ်နိုင်သမျှ ကူညီပေးသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



အဖေနဲ့အမေ ခုတ်ထားတဲ့ထင်းတွေကို သူက လှည်းပေါ်မှာ အစီအရီဖြစ်အောင် စီပေးထားလိုက်သတဲ့။

အဖေနဲ့အမေဟာ သူ့လုပ်ရပ်ကြောင့် အင်မတန်မှ အံ့အားသင့်ကြရပါသတဲ့။

"ကိုသာရရေ ... ဒီမှာကြည့်စမ်းပါဦး၊ ဒီလောက်ထင်းတွေ အများကြီးကို တော့်သား လူမမယ်လေးက ဘယ်လိုများ သယ်ပြီး ဘယ်လိုများစီထားလဲ မသိပါဘူးတော်"

"အေးကွ ... ငါ့သားက သူတော်ကောင်းလေးဆိုတော့ နတ်ကောင်းနတ်မြတ်တွေကပါ ကူညီပြီး သယ်ပေးကြတာ နေမှာပေါ့ကွ"

အရွယ်နဲ့မလိုက်အောင် လိမ္မာရေးခြားရှိလှတဲ့ သားဖြစ်သူ မောင်နန္ဒလေးအတွက် အဖေနဲ့အမေဟာ စိတ်ချမ်းသာကြည်နူးရသတဲ့။

ဒီလိုနဲ့ တစ်နေ့မှာတော့ ရွာလူကြီးတစ်ယောက်က ကိုသာရအား ထင်းလှည်းတစ်စီးတိုက်ပို့ပေးဖို့ ပြောလာသတဲ့။

"မိန်းမရေ ... ဦးလေးညိုမောင်းက အခုလာမယ့် လပြည့်မတိုင်ခင် ထင်းပို့ပေးရမယ် ပြောနေတယ်၊ နတ်တောင်တော ထဲပဲ သွားခုတ်ရတော့မယ်နဲ့ တူတယ်"

"အို တော် ... အဲဒီတောက ဘီလူး သဘက်တွေ



www.burmeseclassic.com

www.burmeseclassic.com



ပေါက ပေါနဲ့၊ ကျုပ်တို့က ကလေးငယ်နဲ့သွားရမှာ ... မဖြစ်ပါဘူးတော်''

''ဒါတော့ ငါလည်းသိတာပေါ့ကွာ၊ ဒို့ပြင်တောတွေထည်း ငါတို့ခုတ်တာနဲ့ ကုန်သလောက်ရှိနေပြီ၊ ပြီးတော့ ဦးကြီးညိုမောင်းက ငွေကြိုပေးထားတော့ မသွားလို့မဖြစ်ဘူး''

အမိနဲ့အဘ ပြောနေတာကို ကြားသွားတဲ့ မောင်နုနုလေးက ဒီလိုပြောသတဲ့။

''အဖေနဲ့ အမေ ဘာမှမစိုးရိမ်ပါနဲ့၊ အဲဒီနတ်တောင်တောမှာရှိတဲ့ ဘီလူး သဘက်တွေကို နိုင်နင်းတဲ့ဂါထာ သားမှာရှိပါတယ်၊ အဖေတို့ ထင်းကိုသာ ခုတ်မြဲတိုင်းခုတ်ပါ''

''ဟုတ်ပါ့မလား သားရယ်''

မိခင်ဒေါ်မထွန်းကတော့ စိုးရိမ်နေသတဲ့။

နတ်တောင်တောဆိုတာကလည်း နာမည်တစ်လုံးနဲ့ နေတာတဲ့။

ဘီလူး သဘက်တွေဟာ ထင်းခုတ်လာတဲ့သူတွေကို မြန်လမ်းမရှိအောင် စားပစ်ပါသတဲ့ကွယ်''

ဒီလိုနဲ့ ကိုသာရနဲ့မထွန်းတို့လည်း သားလေးမောင်နုနုနဲ့အတူ နတ်တောင်တောထဲကို ထင်းခုတ်ရန် လှည်းနဲ့ထွက်ခဲ့ကြသတဲ့။

[illegible]

www.burmeseclassic.com

www.burmeseclassic.com



တောထဲရောက်တော့ မောင်နန္ဒလေးကို လှည်းပေါ်မှာ အစောင့်ထားခဲ့ပြီး ကိုသာရတို့လင်မယားကတော့ ထင်းခုတ်ပါသတဲ့။

ထင်းတွေက ခုတ်လို့မကုန်နိုင်အောင် ဖြစ်နေတဲ့တာကြောင့် သူတို့ဟာ ထင်းခုတ်ရင်း နေစောင်းသွားတာကို မသိလိုက်ကြဘူးတဲ့။

မောင်နန္ဒလေးဟာ လှည်းပေါ်ကနေ အဖေနဲ့အမေ ပြန်အလာကို စောင့်ရင်း အိပ်ပျော်သွားပါသတဲ့။

သူဟာ အိပ်ပျော်သွားပေမယ့်လို့ ပါးစပ်က ဘုရားစာကို ရွတ်နေပါသတဲ့။

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ"

ဒီအချိန်မှာ ...

နတ်တောင်တောမှာ အဆိုးသွမ်းဆုံးဆိုတဲ့ ဘီလူးကြီး ယက္ခနဲ့ ဂုမ္ဘာန် ရောက်လာသတဲ့။

"ယက္ခရေ ... ဒီကောင်လေးကို ကျွတ်ကျွတ်မြည်



www.burmeseclassic.com

www.burmeseclassic.com



အောင် ဝါးစားမစ်ရမယ်ကွ”

“အား ... မင်းက ခေါင်းကစား၊ ငါက ခြေထောက်က စားမယ်”

ဘီလူးနှစ်ကောင်ဟာ မောင်နန္ဒလေးအား စားဖို့ လက်လှမ်းလိုက်တယ်ဆိုရင်ပဲ ...

“အား ... ပူလိုက်တာ၊ လောင်လိုက်တာ၊ ကြောက်ပါပြီဗျ”

“အား ... ကြောက်ပါပြီဗျ”

မောင်နန္ဒလေး ရွတ်ဆိုနေတဲ့ ဘုရားဂုဏ်တော်တန်ခိုးကြောင့် ဘီလူးနှစ်ကောင်မှာ စားလို့မရတဲ့အပြင် ပူလောင်လှတာကြောင့် ကြောက်လန့်သွားကြသတဲ့။

အဲဒီအခါ မောင်နန္ဒလေးလည်း အိပ်နေရာက လန့်နိုးသွားပြီး ...

“အို ဘီလူးတို့ ... အသင်တို့ ငါ့အား စားဝံ့ကြပါသလား”

“ကျုပ် ကျုပ်တို့ မစားဝံ့ပါအမောင်၊ ကျုပ်တို့ရဲ့အပြစ်ကိုလည်း ခွင့်လွှတ်ပေးပါ”

အဲဒီအခါ မောင်နန္ဒလေးက ...

“ကောင်းပြီ ... ကျုပ်ခွင့်လွှတ်တယ်၊ ဒါပေမဲ့ ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



အဖေနဲ့ အမေတို့ ပြန်လာတဲ့အခါ အဆင်သင့်ဖြစ်အောင် ထင်းတွေစိပေးရမယ်''

''ကောင်းပါပြီ မောင်ရင် ... ထင်းတွေတင် မဟုတ်ပါဘူး၊ မောင်ရင်တို့မိသားစုအတွက် ကျုပ်တို့ပိုင်တဲ့ ရွှေငွေတွေပါ ပေးလိုက်ပါ့မယ်''

ဘီလူးနှစ်ကောင်ဟာ သူတို့ပြောတဲ့အတိုင်း မောင်နန္ဒလေးအား ထင်းတွေစိပေးရုံသာမက ရွှေငွေတွေပါ ပေးလိုက်ပါသတဲ့။

မနက်လင်းလို့ အဖေနဲ့အမေတို့ ပြန်လာကြတဲ့အခါ မောင်နန္ဒလေးဟာ သူကြုံတွေ့ခဲ့ရတဲ့အဖြစ်ကို ပြန်ပြောပြတာပေါ့။

သားအမိ သားအဖတွေ အံ့ဩ ပျော်ရွှင်စွာနဲ့ တောထဲက ပြန်ခဲ့ကြတော့သတဲ့။

ညီ၊ ညီမလေးတို့ရေ ...

မောင်နန္ဒလေးဟာ ဗုဒ္ဓဘုရားရှင်ရဲ့ ဂုဏ်တော်၊ ကျေးဇူးတော်ကြောင့် ဘီလူးစားခြင်းမှ ကင်းဝေးခဲ့ရတဲ့အပြင် ချမ်းသာခြင်းသုခနဲ့ပါ ပြည့်စုံရပါသတဲ့။

မောင်နန္ဒလို သားလိမ္မာလေးကြောင့် အဖေနဲ့အမေ ဖြစ်တဲ့ ကိုသာရနဲ့ မထွန်းတို့မှာလည်း ဝမ်းသာပီတိ ဖြစ်ကြရပါသတဲ့။

ရွှေကေားစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ညီ၊ ညီမလေးတို့လည်း ဗုဒ္ဓရဲ့ ဘုရားဂုဏ်တော်ကို မမေ့မလျော့နဲ့ ရွတ်ဖတ်ပူဇော်ကြပေါ့ကွယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# မတော်လောဘ



www.burmeseclassic.com

www.burmeseclassic.com

## မတော်လောဘ

ညီ၊ ညီမလေးတို့ရေ ...

တစ်ခါတုန်းက အုန်းနဲ့ပင်ရွာမှာ အင်မတန်မှ လောဘ အမြတ်ကြီးတဲ့ ဦးကျောက်အိုးဆိုတာ ရှိသတဲ့ကွယ်။

တစ်ရွာလုံးက လယ်ယာလုပ်ငန်းနဲ့ အသက်မွေးနေခဲ့ကြ ပေမယ့် ဦးကျောက်အိုးကတော့ ရွာသူရွာသားတွေကို မတန် တဆဈေးနဲ့ ငွေကြေးချေးငှားပြီး အတိုးကို မတရားခေါင်းပုံဖြတ် ယူပါသတဲ့။

"အဟဲ ... ကျောက်အိုးဆီမှာ ပိုက်ဆံချေးတယ်နော်၊ ငွေတစ်ဆကို အတိုးနှစ်ဆပဲ၊ ကြိုက်ရင်ယူ မကြိုက်ရင် နေ့"

"ယူပါ့မယ် ဦးကျောက်အိုးရယ် ... အခုိ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လောက် ပေးရ ပေးရပါဗျာ . . . ကျုပ်မိန်းမ ကျန်းမာရေးပြန်ကောင်းဖို့က အဓိကပါဗျာ"

"ကောင်းပြီလေ . . . ယူတာက ယူပေါ့၊ ရက်ချိန်းစေ့လို့မှ ကျုပ်ငွေ ပြန်မရရင် ကျုပ်က ရှိတာအကုန်သိမ်းမှာနော်"

"ကောင်းပါပြီဗျာ"

ရွာသူရွာသားအများစုမှာ ဦးကျောက်အိုးရဲ့ အမြတ်ကြီးစား လူလည်ကျနေမှုကို သိပင့်သိသော်ငြားလည်း ဆင်းရဲနွမ်းပါးလို့ ဒုက္ခရောက်ချိန်မှာ မကင်းနိုင်ခဲ့ကြချေ။

"ဦးကျောက်အိုး . . . ကျုပ်လယ်တွေ ပိုးကျလို့ဗျာ၊ ငွေတစ်ရာလောက် ချေးပါဦးဗျာ"

"ဘာကွ . . . ဟိုတစ်လောကတင် ငါ မင်းကို ငွေငါးဆယ် ချေးထားသေးတယ်လေ"

"ဟုတ်ပါတယ်ဗျာ . . . ခုဟာက လယ်တွေ ပိုးကျကုန်လို့ပါ"

"အိုကွာ . . . ဒါတွေ ငါနားမလည်ဘူးဟေ့၊ ကျောက်အိုးကြောင့် ဖောက်ထိုးမဖြစ်ချင်ရင်ေ ငါ့ဆီ ငွေနဲ့အတိုးပြန်ဆပ်၊ မဟုတ်လို့က မင်းအိမ် ငါသိမ်းမယ်"

"မ . . . မလုပ်ပါနဲ့ဗျာ"

"အို . . . ကြာတယ်ကွာ၊ ဟော့ မြဘူးနဲ့ ကိုဦး . . . ဒီ

www.burmeseclassic.com



ကောင် ကြာမောင်အိမ်က နွားနှစ်ကောင်ကို အရင်ဆွဲလာခဲ့

ဦးကျောက်အိုးဟာ ငွေမျက်နှာကလွဲလို့ ဘာကိုမှ မကြည့်ဘူးတဲ့။ သူ့ငွေ ပြန်မဆပ်လို့ကတော့ ရှိတာတွေကို မတန်တဆ ဈေးနဲ့ သိမ်းယူသတဲ့ကွယ်။

ရွာသူရွာသားတွေရဲ့ လယ်၊ ယာ၊ မြေ၊ ကျွဲ၊ နွားတွေဟာ ဦးကျောက်အိုးအတွက်ချည်း ဖြစ်နေပါတော့သတဲ့။

မတရားမှန်းသိနေကြပေမယ့် မြို့နယ်အုပ်ချုပ်မှု တရားမှုကလည်း ဝေး၊ ရိုးသားကြသူများမို့ ရွာသူရွာသားတွေဟာ ဦးကျောက်အိုးပြုလေသမျှ ခံနေကြရပါသတဲ့။

ဦးကျောက်အိုးကလည်း လူလည်၊ လူပါး။ ရမှန်းသိတော့ ပိုပြီး အတင့်ရဲလာသတဲ့။

သူနဲ့ နည်းနည်းငြိစွန်းလာပြီဆို ကျွဲနွားတွေကို တမင် အပိုင်ကြံပြီးလည်း သိမ်းယူပါသတဲ့။

"ဟေ့ ကျော်ညွန့် . . . ငါ့အကြွေးပေးဖို့ ရက်ချိန်းပြည့်နေပြီကွ၊ မပေးနိုင်ရင် သူ့လယ်နှစ်ကွက် သိမ်းယူလိုက်ကွာ . . . ကြားတယ်"

ဘယ်သူသေသေ ငတေမာရင်ပြီးရော သဘောမျိုးနဲ့ ဦးကျောက်အိုးမှာ မတရား စီးပွားဖြစ်နေပါတော့သတဲ့။

ရွာသူရွာသားတွေမှာတော့ စီးပွားရေးမပြေလည်ခဲ့အခက်



www.burmeseclassic.com

www.burmeseclassic.com



မှာ ပိုပြီး ချွတ်ခြုံကျ ဆင်းရဲလာပါသတဲ့။

ဒီအထဲကမှ ရွာတောင်ပိုင်းက မလှကြည်တို့မိသားစုမှာ အဆိုးဝါးဆုံးဖြစ်တော့သတဲ့။

မလှကြည်က အိမ်မှာ အကြီးဆုံး။ ညီမလေးနှစ်ယောက်ကို ကျွေးမွေးစောင့်ရှောက်လို့ ဘဝကို ရင်ဆိုင်နေရသတဲ့။

မိဘများမရှိတော့ မလှကြည်သာ အမိအဖလို ဦးစီးဦးဆောင်ပြုနေရတာတဲ့ကွယ်။

မနှစ်ကတော့ မလှကြည်ဟာ ဦးကျောက်အိုးဆီက ငွေတစ်ရာချေးမိသတဲ့။

စပါးပေါ်လို့ သူ့ငွေပြန်မဆပ်နိုင်တဲ့အခါ ဦးကျောက်အိုးက ထုံးစံအတိုင်း လူမိုက်ဓာတ် ခင်းပါလေရောတဲ့။

"ဟေ့ မိလှကြည် ... စပါးပေါ်ချိန်ရောက်လို့ အခါလည်တော့မယ်၊ ငါ့ဆီ အတိုးရောအရင်းပါ မလာပါလားဟ"

"ကျွန်မစပါးတွေ ပိုးကျပြီး လယ်ပျက်သွားလို့ပါ ဦးကျောက်အိုးရယ်၊ အခါလည်တဲ့အထိ စောင့်ပေးပါဦး"

"မလိုချင်ဘူးဟေ့ ... ဒီနေ့က နောက်ဆုံးနေ့ပဲ၊ ညနေစောင်းလို့မှ ငွေမလာရင်တော့ နင့်နွားနှစ်ကောင် ငါအသိမ်းပဲ"

ခြံဝမှာ အစာစားနေတဲ့ နွားနှစ်ကောင်ကို လက်ညှိုးထိုးပြီး ကျောက်အိုးက ပြောလိုက်တာကြောင့် မိလှကြည် ခေါင်းနား



www.burmeseclassic.com

www.burmeseclassic.com



ခန်း ကြီးသွားသတဲ့။

နွားနှစ်ကောင်တန်ဖိုးက ခြောက်ရာလောက်တန်တာ။ ပြီးတော့ ဒီနွားနှစ်ကောင်နဲ့ပဲ လယ်ယာလုပ်ပြီး တစ်သက်လုံး စားလာခဲ့တာ။

ဒါကို အကြံသမားက မျက်စိကျနေပြီဆိုတော့ ခေါင်းနား ခန်းကြီးသွားပါသတဲ့။

သူ့ငွေပြန်ပေးဖို့ကျပြန်တော့လည်း လက်ထဲမှာက တစ်ပြားမှမရှိ။

ညနေအချိန်ကို မရောက်ပါစေနဲ့လို့သာ ဆုတောင်းနေရ သတဲ့တဲ့။

ဒါပေမဲ့ ညနေစောင်းတာနဲ့ ဦးကျောက်အိုးက သူ့တပည့် အလုပ်သမားနှစ်ယောက်နဲ့ ရောက်လာပါသတဲ့ကွယ်။

"ဟေ့ မိလှကြည် ... ငါ နွားနှစ်ကောင် လာသိမ်းတာ ဟဲ ဟဲ ... ကျောက်အိုးတဲ့ ... ဇောက်ထိုးဖြစ်သွားမယ်"

"ဦးကျောက်အိုးရယ် ... ဒီနွားနှစ်ကောင်တော့ မသိမ်း ပါနဲ့ရှင်၊ ကျွန်မတို့မှာ ဒီနွားနှစ်ကောင်ပဲ ချမ်းသာတာပါရှင်"

"ဟေ့ ... ကြာတယ်၊ အပိုတွေ ပြောမနေနဲ့ ဟေ့ ကောင်တွေ ... အဲဒီနွားနှစ်ကောင်ဆွဲခဲ့၊ အိမ်မှာ အမဲဖျက်ကြ စောင်းမယ်"

ရွှေကလေးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဦးကျောက်အိုးက သူ့တပည့်များအား နွားနှစ်ကောင် အပါဆွဲသွားနိုင်းပြီး တဟားဟားဖြင့် ပွဲကျနေပါတော့သတဲ့။

"ဟား ဟား ဟား . . . ကျောက်အိုးကွ၊ ဇောက်ထိုးဖြစ် သွားမယ်၊ သွား . . . အိမ်ကိုဆွဲသွား။ အိမ်ရောက်တာနဲ့ ရှင်းပစ် လိုက်"

တပည့်များကလည်း ဦးကျောက်အိုးဆန္ဒအတိုင်း နွားနှစ် ကောင်ကို ဆွဲထုတ်သွားပါသတဲ့။

မလှကြည်မှာ လူယုတ်မာကျောက်အိုးကို ဘယ်လိုမှ တောင်းပန်မရတဲ့အဆုံး မျက်ရည်လည်ရွဲနှင့် ဘုရားရှင်အား ဤသို့ တိုင်တည်ပါသတဲ့။

"အရှင်ဘုရားနှင့် နတ်ကောင်းနတ်မြတ်များဘုရား . . . ဦးကျောက်အိုးဟာ တပည့်တော်မရဲ့ နွားနှစ်ကောင်အား မသမာ သောနည်းလမ်းဖြင့် ယုတ်မာပြီး သိမ်းယူခြင်းသာ ဖြစ်ပါသည် ဤမှန်သောသစ္စာစကားကြောင့် တပည့်တော်မ နွားနှစ်ကောင် ပြန်ရရပါလို၏ဘုရား"

မလှကြည် ဤသို့ဆုတောင်းလိုက်ချိန်မှာပဲ ကျောက်အိုး ရဲ့တပည့်များ ဆွဲယူသွားတဲ့ နွားနှစ်ကောင်ဟာ ဝုန်းဆို ရုန်း ထွက်ပြီး သဘောကျကျေနပ်နေတဲ့ကျောက်အိုးကို အငေါင်း ပါတော့သတဲ့။

ရွှေကောသလ

www.burmeseclassic.com

www.burmeseclassic.com



"ဟာ … ဟော့ကောင်တွေ ဘယ်လိုဖြစ် ဖြစ် … အား … သေပါပြီဗျ"

'ဝုန်း ဝုန်း'

နွားနစ်ကောင်ဟာ ဦးကျောက်အိုး လုံးဝ လှုပ်ရှားမှုမရှိတော့မှ ငြိမ်သွားကြသတဲ့။

ရွာထဲကလူများ ရောက်လာကြတော့ ဦးကျောက်အိုးမှာ အသက်မရှိတော့ဘူးကွယ်။

လူကြီးသူမများက ဦးကျောက်အိုးအား ဒီလိုမှတ်ချက်ပေးကြသတဲ့ကွယ်။

"အင်း … ဦးကျောက်အိုးဟာ မတော်လောဘစိတ်နဲ့ သူတစ်ပါးပစ္စည်းကို မတရား သိမ်းပိုက်ချင်လို့ နတ်ကောင်း နတ်မြတ်တွေက ဒဏ်ခတ်လိုက်တာနေမှာ"

ညီ၊ ညီမလေးတို့ရေ …

တစ်ပါးသူပစ္စည်းဥစ္စာကို မသမာတဲ့နည်းမျိုးနဲ့ ရယူပိုင်ဆိုင်ဖို့ မကြိုးစားမိလေနဲ့ကွယ်။ သံသရာဘဝအဆက်ဆက် မကောင်းသလို အခုလက်ငင်းဘဝမှာလည်း ဒုက္ခနဲ့ ကြုံရတတ်တယ်။ ဒါကြောင့် ရှောင်ကြဉ်ကြပေါ့ကွယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# မာနဆိုတာ ချိုနဲ့လား



www.burmeseclassic.com

www.burmeseclassic.com

## မာနဆိုတာ ချိုနဲ့လား

ညီ၊ ညီမလေးတို့ရေ ...

တစ်ခါတုန်းက ရွာတစ်ရွာမှာ သူကြွယ်ကြီးတစ်ဦး ရှိသတဲ့။

သူ့နာမည်က ဦးဒေဝတဲ့ကွယ်။ သူဟာ မိဘမျိုးရိုးစဉ်ဆက် ချမ်းသာပြီး မာန်မာနကြီးလှတာကြောင့် တစ်ရွာလုံးက ဦးဒေဝလို့ မခေါ်တော့ဘဲ ဦးမာနလို့သာ ခေါ်ကြသတဲ့။

ဦးမာနဟာ နာမည်နဲ့လိုက်အောင် မာနကြီးလှသတဲ့။

"ဟော့ အောင်ဘုတို့ တင်လှတို့ ... ငါ ထမင်းစားပြီးရင် မိန်နဲ့ အချိုတည်းတတ်တာ မသိဘူးလား။ အချိုပွဲယူခဲ့"

"မှန်ပါ သူဌေး ... အချိုပွဲက တစ်မျိုးလိုနေပါ၏"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... အချိုပွဲတည်တဲ့ ဗန်းကိုလည်း မြတ်ဘကြက်လေး ခင်းဦးနော်"

နေရာတကာမှာလည်း သူဟာ ကြီးကျယ်လှသတဲ့။

"ဟေ့ ဟေ့ ဒီမယ် ... နောက်နေ့တွေကစပြီး အိမ်က အလုပ်သမားတွေ ငါ့ကို အရိုအသေပေးပြီးမှ အလုပ်လုပ်ကြရမယ်ကွ ... ကြားကြလား။ မလုပ်လို့က လစာဖြတ်မယ်ကွ"

"တောက် ... ဦးမာနကတော့ တစ်မျိုးပြီးတစ်မျိုးကို ယုတ်မာနေတော့တာပါလား။ ဒီလိုလူမျိုးကို ဆုံးမမယ့်သူမျိုး မပေါ်တာ နာတယ်ဗျာ"

တစ်နေ့တော့ ဦးမာနအိမ်မှာ ထမင်းချက်တဲ့ ဘကြီးဖြိုးဟာ နေမကောင်းတာကို ခွင့်လာတိုင်ကြားပါသတဲ့။

"သူဌေးခင်ဗျာ ... ကျွန်တော် နေမကောင်းလို့ ဒီနေ့ တစ်ရက်တော့ နားခွင့်ပေးပါဗျာ"

"ဘာဗျ ဦးဖြိုး ... ခင်ဗျားကို ကျုပ်က လစာပေးထားတာဗျ။ ခင်ဗျား ထမင်းချက်တစ်ရက်နားတော့ ကျုပ် ထမင်းငတ်သွားမှာပေါ့။ သွား ... မလိုချင်ဘူး။ နားချင်ရင် ကျုပ်အိမ်က အပြီးထွက်သွား"

ဦးမာနက ဘာကိုမှ ဂရုစိုက်သူမဟုတ်တဲ့လူဆိုတော့ သူဖြစ်ချင်တာကိုပဲ ပြောသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုတော့ မလုပ်ပါနဲ့ သူဌေးရာ၊ မနားနဲ့ဆိုလည်း ကျုပ် မနားတော့ပါဘူးဗျာ"

ဒီအဖြစ်ကို အိမ်မှာရှိကြတဲ့ အလုပ်သမားအဘော်များများက မြင်လိုက် ကြားလိုက်ကြတာကြောင့် ဘကြီးဖြိုးဘက်က နေပြီး မခံမရပ်နိုင်အောင် ဖြစ်ကြပါသတဲ့။

"တောက် ...ဒါ ဦးမာန လူကြီးကို သက်သက်မဲ့ မိုက်ရိုင်းတာ၊ သူ့ထမင်းတစ်နပ်ကို ဘယ်သူချက်ကျွေးကျွေး စားလို့ရတာပဲဟာ"

"ဟုတ်ပါ့ကွာ ...ဒီလို အယုတ်တမာကောင်မျိုးကျ တော့ သက်ဆိုးရှည်ပြီး ချမ်းသာကြွယ်ဝနေလိုက်တာ၊ ဒီလိုလူမျိုး ကို ဆုံးမပဲ့ပြင်သူများ အမြန်ဆုံးပေါ်လာပါစေဗျာ"

အလုပ်သမားတွေ ပြောဆိုနေကြတာကို နွားတင်းကုပ်မှာ နွားချေးကျုံးနေတဲ့ မောင်သီလက အစအဆုံးနားထောင်ရင်း ကြားမိလိုက်ကာ ဒီလိုမျိုး ဆုံးဖြတ်လိုက်ပါသတဲ့ကွယ်။

"အင်း ...ဦးဒေဝကိုသာ ဒီအတိုင်းသာ လွှတ်ထားရင် လူကြီးသူမတွေကို မိုက်ရိုင်းစော်ကားနေတော့မှာ။ ဒီတော့ ငါ ဆုံးမမှ ဖြစ်တော့မယ်"

မောင်သီလဟာ ဦးဒေဝရဲ့ နွားတင်းကုပ်စောင့်တဲ့ အလုပ် သမားလေး ဖြစ်ပေမယ့်လို့ အရွယ်နဲ့မလိုက်အောင် အသိဉာဏ

www.burmeseclassic.com


ဗဟုသုတနဲ့ ပြည့်စုံကြွယ်ဝသူလေး ဖြစ်ပါသတဲ့။

ခုလည်း ငွေကြေးမနေအင်အားနဲ့ မောက်မာမိုက်ရိုင်းပြီး မာန်မာနထောင်လွှားနေတဲ့ ဦးဒေဝအား ပွဲပြင်ဆုံးမဖို့ကို ဆုံးဖြတ်လိုက်ပါတော့သတဲ့။

ဒီလိုနဲ့ မောင်သီလစောင့်စားနေတဲ့ နေ့တစ်နေ့ကို ရောက်လာပါရောတဲ့ကွယ်။

မနက်စောစော ဦးဒေဝဟာ နွားတင်းကုပ်အလုပ်သမားတွေကို မာန်မဲနေပါသတဲ့။

"ဟေ့ကောင်တွေ ... တင်းကုပ်ထဲမှာ နွားချေးတွေ ပွနေတာပါပဲလားကွ ... ဟေ၊ ဒါ ဘယ်သူမကျုံးဘဲ ထားတာလဲ"

"မောင်သီလက မကျုံးနဲ့ဆိုလို့ မကျုံးဘဲထားတာပါ သူဌေး"

"ဒေါင်မယ် ... ရာရာစစ၊ ခေါ်စမ်း ... အဲဒီ သီလဆိုတဲ့ အကောင်ကို"

ထိုအခါ မောင်သီလက ပြုံးပြုံးရွှင်ရွှင်နဲ့ ထွက်လာခဲ့ပါသတဲ့။ ပြီးတော့မှ ဒီလိုပြောသတဲ့။

စိတ်မဆိုးပါနဲ့ သူဌေးမင်း ... ညက ကျွန်တော့် အိပ်မက်ကောင်းမက်လို့ ဒီနွားချေးပုံကို မကျုံးဘဲထားတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ့ လကွာ ... ဘာပြုလို့တုံး။ ချေးပုံက ဘာဖြစ်လာမှာတုံးကွ ... မြန်မြန်ပြောစမ်း"

"ပြောပါမယ်ခင်ဗျ။ ဒီလိုပါ ... ညက ကျွန်တော် အိပ်မက်ထဲမှာ နတ်သားတစ်ပါးက မောင်သီလ နွားချေးပုံထဲမှာ ရွှေတွေရှိတယ်၊ မင်း မကျုံးလေနဲ့ သူဌေးဦးဒေဝကို ကျုံးခိုင်းဆိုလို့ပါခင်ဗျာ"

ဦးဒေဝဟာ မောင်သီလရဲ့စကားကိုကြားသွားတယ် ဆိုရင်ပဲ မျက်နှာက ဝင်းပလျက်က ...

"ဟေ ... အေး ဒီလိုလား။ ဒါဖြင့် ကျုံးမယ်ကွာ၊ ဲ့ ကဲ ... လာခဲ့ လာခဲ့"

'ဖက် ဖက် .. ဖွက် ဖွက်'

နွားချေးတွေကို တွင်တွင်ကျုံးနေတဲ့ ဦးဒေဝဟာ တစ်ကိုယ်လုံးပေကျံပြီး လူမြင်လို့မကောင်းအောင် ဖြစ်နေပါတော့သတဲ့။

ဒါကို ဝိုင်းကြည့်နေကြတဲ့ အလုပ်သမားများကမြင်ပြီး သဘောကျလို့ ဟားတိုက်လို့ ရယ်မောကျပါသတဲ့။

"ဝါး ဟား ဟား ... သူဌေးဦးဒေဝ နွားချေးတွေ လူးနေတယ်ဟေ့"

"ဟုတ်ပါ့ ဟုတ်ပါ့ ဟုတ်ပါ့"



www.burmeseclassic.com

www.burmeseclassic.com



ဦးဒေဝခမျာ နွားချေးပုံမှာလူးပြီး မျက်နှာတွေရော တစ်ကိုယ်လုံး ပွပလဲနေတော့သတဲ့။

ဒါနဲ့တောင် လောဘတကြီးနဲ့ ရွှေကိုမေးနေသေးပါသတဲ့ကွယ်။

"ဟော့ကောင် သီ သီလ . . . ဘယ်မှာတုန်းကွ ရွှေ"

ဒီတော့မှ မောင်သီလက သူ အဆင်သင့်ဝှက်ထားတဲ့ မူးစေ့လေးကို ထုတ်ပေးရင်း . . .

"ဒီမှာလေ သူဌေးရဲ့ . . . သူဌေးက မာနခေါင်းခိုက်နေတဲ့သူမို့ နတ်မြတ်နတ်ကောင်းတွေက ဒီလောက်ပဲ ပေးတာနေမှာပေါ့"

"ဟော"

"ဝါး ဟား ဟား ဟား"

ဦးဒေဝခမျာ လူအများရှေ့မှာ ကိုယ့်အဖြစ်ကို သဘောပေါက်လျက်က ရှက်ရှက်နဲ့ ထွက်သွားရသတဲ့။ မောင်သီလလေးကတော့ သူ့ ပထမအကြိမ် အောင်မြင်ခဲ့တာကြောင့် ခေါင်းတညိတ်ညိတ်နဲ့ ကျေနပ်နေသတဲ့။ လူအများကလည်း သူ့ကို ချီးကျူးကြသတဲ့။

"မောင်သီလလေးဉာဏ်ပညာကတော့ အံ့ပါရဲ့၊ ဦးဒေဝတော့ ဦးကိုကျူးသွားတာပဲ"

ရွှေကားဆရာ

www.burmeseclassic.com

www.burmeseclassic.com



"ဒါ ပထမပဲ ရှိသေးတာဗျ။ ဒုတိယပိုင်းကို ဆက်ပြီး ကြည့်လိုက်ကြပါဦးလေ"

တစ်နေ့မှာ ဦးဒေဝဟာ နွားတင်းကုပ်ကို ရောက်လာပြန်ပါရော။

ဒီအချိန်မှာ မောင်သီလကလည်း တင်းကုပ်မှာရှိတဲ့ နွားအားလုံးကို အလုပ်သမားတွေကို သနပ်ခါးတွေလိမ်းကျံထားစေပြီး ပန်းကုံးတွေပါ စွပ်ပေးထားပါသတဲ့။ ဒါကို ဦးဒေဝတွေ့တော့ တအံ့တသြ ဖြစ်သွားပြီး ဒီလိုမေးသတဲ့။

"ဟာ ဟ ... ဟော့ကောင်တွေ ... နွားတွေကို သနပ်ခါးတွေ လိမ်း, ပန်းတွေစွပ်လို့ ဘယ်လိုများဖြစ်ရတာတုံး ... ဒါ မင်းတို့ကို ဘယ်သူခိုင်းထားတာလဲကွ"

"အဟီး ... ဒီလိုပါ ... ကျု ကျွန်တော်တို့ကို မောင်သီလ ခိုင်းလို့ပါခင်ဗျာ"

"ဟေလကွာ ... လုပ်ပြန်ပြီ၊ ခေါ်စမ်း သီလကို"

မောင်သီလရောက်လာတော့ သီချင်တာကိုမေးသတဲ့။

"ကဲ သီလ ... ပြောစမ်း ... နွားတွေကို ဘာလို့ သနပ်ခါးလိမ်းပြီး ပန်းကုံးစွပ်ရတာလဲ"

ဒီတော့ မောင်သီလကလည်း အပြုံးမပျက်နဲ့ ဒီလို ပြောသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါ သူဌေး ... ညက ကျွန်တော်မျိုးမက်တဲ့ အိပ်မက်ကြောင့်ပါ ခင်ဗျာ"

"လာပြန်ပြီ အိပ်မက် ... ပြောစမ်း မင်းအိပ်မက်ကို"

"ဒီလိုပါ သူဌေး ... ညက အိပ်မက်ထဲမှာ နတ်မင်းတစ်ပါးက ဒီလိုပြောပါတယ်"

"ဘာတဲ့လဲ"

"ဒီလိုပါ ... သူဌေးနဲ့တကွ နွားအားလုံး သနပ်ခါးလိမ်းကျံပြီး နွားတွေလို ဘွတ်အဲ ဝမ်းဘဲနဲ့ သုံးကြိမ်သုံးခါအော်တဲ့အခါမှာ ရွှေမိုး ငွေမိုးနဲ့ ပန်းပေါက်ပေါက်မိုးတွေ ရွာမယ်လို့ ပြောပါတယ်။ ဒါကြောင့် နွားတွေကိုသနပ်ခါးလိမ်းပြီး သူဌေးကို စောင့်နေတာပါ"

"ဟော ... ဟုတ်လား။ ဒါဖြင့် ငါပဲ နွားလုပ်ဖို့ ကျန်တော့တာပေါ့"

"ဟုတ်ကဲ့ သူဌေး"

"အေး ... ဒါဖြင့် လုပ်စမ်းကွာ နွား"

ဒီတော့မှ မောင်သီလဟာ အသင့်ဆောင်ထားတဲ့ နွားသားရေနဲ့ နွားချိုကိုယူ ဦးဒေဝကိုယ်နဲ့ခေါင်းမှာ တပ်ပေးပြီး သနပ်ခါးနဲ့ ပန်းကုံးပါ စွပ်ပေးလိုက်သတဲ့။ ပြီးတော့မှ ဒီလိုပြောသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ သူဌေး ...အစီအစဉ်အရ နွားလို ဝမ်းဘော ဝမ်းဘော အော်ဖို့ပဲ ကြံတော့တယ်၊ အော်ပေတော့"

"ဒါဆို ရွှေမိုး ငွေမိုး ရွာပြီလား"

"ဟုတ်တယ် ...ရွာပြီ၊ အော်ပေတော့"

ဉာဏ်ပညာနည်းပါးလှတဲ့ ဦးဒေဝဟာ နွားလို အော်ပါတော့သတဲ့။

"ဝါး ဟား ဟား ...ဦးဒေဝကြီး နွားလုံးလုံးဖြစ်ပြီး နွားလိုအော်နေပြီဟေ့"

မောင်သီလက အလုပ်သမားများကို မျက်စနဲ့ပြလိုက်တာနဲ့ အလုပ်သမားများက လက်ညှိုးထိုးပြီး ဝိုင်းပြော ဝိုင်းရယ်ကြသတဲ့ကွယ်။

"ဟား ဟား ဟား ...ဦးဒေဝ ချိုပေါက်လို့ နွားဖြစ်ပြီဟေ့ ...ဝါး ဟား ဟား"

"ဟား ဟား ဟား ...မောင်သီလအကြံကတော့ဖြင့် မိုင်ပါ့ကွာ"

မောင်သီလက မိန့်မိန့်ကြီးပြုံးလို့နေသတဲ့။

လူအများက ဝိုင်းလှောင်ကြ၊ ဝိုင်းရယ်ကြနဲ့ဆိုတော့မှ ဦးဒေဝဟာ သူ့အဖြစ်ကို ကောင်းကောင်းကြီး သဘောပေါက်သွားပါတော့သတဲ့။

ရွှေကထာစာစဉ်

www.burmeseclassic.com

www.burmeseclassic.com



ဒါတင်မက တစ်သက်လုံးထားရှိလာတဲ့ မာန်မာနတွေလည်း လုံးဝကို ကွာကျလို့သွားပါတော့သတဲ့။

ပြီးတော့ အသက်ငယ်ငယ်နဲ့ ဉာဏ်ပညာနဲ့ပြည့်စုံတဲ့ မောင်သီလကိုလည်း သားအဖြစ် မွေးစားဖို့ ဆုံးဖြတ်လိုက်ပါသတဲ့။

"မောင်သီလ . . . မင်းဟာ ဉာဏ်ပညာနဲ့ ပြည့်စုံလှတဲ့သူပဲကွ၊ ငါ ငါ့မာန်မာနကြီးတွေကို ဖျောက်ဖျက်ပစ်လိုက်ပါပြီကွာ၊ မင်းကြောင့်သာ ငါဟာ အသိမှန် အမြင်မှန်ကို ရရှိလာတာပါ၊ ဒါကြောင့် ငါပိုင်ဆိုင်သမျှ မောင်သီလကို လွှဲပေးပြီး ဒီနေ့ကစပြီး သားအဖြစ်နဲ့ မွေးစားပါရစေကွာ"

"ဟေး . . . မောင်သီလကွ"

"အမြင်ကောင်း အမြင်မှန်ရသွားတဲ့ သူဌေးကြီး သက်တော်ရှည်ပါစေဗျာ"

တစ်သက်လုံး မာန်မာနကြီးစွာနဲ့ နေလာတဲ့ ဦးဒေဝဟာ မောင်သီလလေးရဲ့ ထိရောက်တဲ့ပညာပေးမှုတွေကြောင့် ကိုယ့်အဖြစ်ကိုယ်သိပြီး နောင်တရသွားခဲ့သတဲ့ကွယ်။

ဒီလိုပဲ မောင်သီလလေးဟာလည်း ထက်မြက်တဲ့ ဉာဏ်ပညာနဲ့ ဖြတ်ထိုးဉာဏ်ကြောင့် သူဌေးတစ်ယောက်ဘဝကို ချက်ချင်း ရောက်ရှိခဲ့ပါသတဲ့ကွယ်။

www.burmeseclassic.com

www.burmeseclassic.com



ညို၊ ညိုမလေးတို့လည်း ...

မာန်မာနကို ချိုးနှိမ်လို့ ထက်မြက်တဲ့ အတွေးအခေါ်ကောင်းတွေနဲ့ ပြည့်စုံနိုင်ကြပါစေကွယ်။

မာနဟာ မှန်ကန်တဲ့နေရာမှာ သင့်တင့်အောင် ထားတတ်ရင်တော့ အကောင်းဆုံး ဖြစ်ပေမယ့် မလိုအပ်ဘဲ မမှန်ကန်တဲ့ နေရာမျိုးမှာ မာနထားခဲ့ရင်တော့ဖြင့် မာနဆိုတာ ချိုနဲ့လားလို့ဆိုတဲ့ ဦးဒေဝလိုမျိုး ဖြစ်ကြရလိမ့်မယ်ကွယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# ကြက်ဖမတွန်လည်း မိုးလင်း၏



www.burmeseclassic.com

www.burmeseclassic.com

# ကြက်ဖမတွန်လည်း မိုးလင်း၏

ညီ၊ ညီမလေးတို့ရေ …

တစ်ခါတုန်းက ရွာတစ်ရွာမှာ ဦးဖိုးကြွယ်ဆိုတဲ့ တော ...ွေတစ်ယောက် ရှိသတဲ့ကွယ်။ သူဟာ သူဌေးတစ်ယောက် ...ည်းဖြစ်တာမို့ ရွာမှာရှိတဲ့ အလှူပွဲ၊ ဘာသာရေးပွဲနဲ့ သာရေး ...ရေးပွဲတွေမှာ ဘယ်ပွဲကိုမဆို ပိုက်ဆံအနည်းအကျဉ်းထည့်ပြီး ...င်ပါသတဲ့။

ဒါပေမဲ့ ငွေထည့်တာက နည်းနည်းနဲ့ ပနာယူပြီး လူတွင် ...ယ်လုပ်တာက များများဆိုတော့ သူ့ကို တစ်ရွာလုံးက ကြည့် ...အောင် ဖြစ်နေသတဲ့။

"ဘုန်းဘုန်းဘုရား … ရွာဦးကျောင်းပဌာန်းပွဲက သ



www.burmeseclassic.com

www.burmeseclassic.com



ပြည့်နေ့မဟုတ်လား ဘုရား"

"အေးလေ ... ဟုတ်သကွ၊ ဒကာဦးဖိုးကြွယ်က ဘာ

များလှူမလို့တုံး"

"အဟီး ... ဒီလိုပါ၊ တပည့်တော်က ဒကာရင်းဆို

တော့ ငှက်ပျောသီးတစ်ဖီး လှူမယ်ဘုရား"

"အိမ်း ... ကောင်းကွာ၊ ငှက်ပျောတစ်ဖီးမှတော့ ရှာ

စွန်က မုဆိုးမဒေါ်ညွန့်တောင် လှူနိုင်တယ်ကွ"

ဘာသာရေးပွဲမှာ သူ့မပါရင် မပြီးသလို သာရေးနာရေး

ပွဲဆိုလည်း သူ့မပါရင် ပွဲမဖြစ်သလို မှတ်ယူထားပါသတဲ့။

"ဟော့ ... မနက်ဖြန်ဆို သာဂိနဲ့မိပုတို့ရဲ့ မင်္ဂလာပွဲ

မဟုတ်လား"

"ဟုတ်တယ်လေ ဦးဖိုးကြွယ်၊ ဘာလဲ ... လက်ဖွဲ့ကြီး

ကြီး ဖွဲ့မလို့လား"

"အဟဲ ... ဟုတ်ဘူးကွ၊ သတို့သားနဲ့ သတို့သမီး

မင်္ဂလာတရားနာတဲ့အခါမှာ လက်နှစ်ဖက်ထည့်ဖို့ ငွေဖလား ငှား

မလို့ပါကွ"

"ဟာဗျာ ... ဦးဖိုးကြွယ်ရာခင်များကတော့ တကယ့်

စံပဲ၊ ခင်ဗျား ဖလားမငှားတော့ရော ဒီမင်္ဂလာပွဲက မပြီးတော့

ဘူးတဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



"ဒါတွေ ဧါမသိဘူးကွ၊ ငါ ပါရဖို့ အရေးကြီးတယ်ကွ၊ ရွာထဲမှာ ငါပါမှ ပွဲဖြစ်တာ၊ ပွဲစည်တာလေကွာ"

သူဟာ မဖြစ်စလောက်အကူအညီလေးပေးပြီး မျက်နှာ ယူတာက များတော့ ဘယ်သူမှ ကြည့်မရကြဘူးတဲ့။ ဒီထက်ဆိုး တာက နာရေးပွဲတွေမှာ သူက ပိုပြီးပနာယူသတဲ့။

"ဟဲ့ ဟဲ့ မိမိုး ... ဒီနေ့ နင့်အမေ နာရေးအသုဘ ချမှာမဟုတ်လား။ သွား သွား ... မျက်ရည်သုတ်ဖို့ ငါ့အိမ်က မျက်နှာသုတ်ပဝါ သွားယူချေ။ တစ်လက်စတည်း ရေနွေးတည်ဖို့ လက်ဖက်ခြောက်ပါယူခဲ့ဟေ့"

"ဒါဖြင့် မြေကြီးတူးဖို့ ပေါက်တူးလေးပါ ယူခဲ့ခိုင်းလိုက် ပါလားဗျာ"

ရွာသားတစ်ယောက်က ထိုသို့ အငေါ်တူးလိုက်မှ ဦးဖိုး ကြွယ် နှုတ်ပိတ်သွားသတဲ့။

သူဟာ ကူညီတာနည်းနည်းနဲ့ ပါဝါပြချင်တာကများများ ဆိုတော့ တစ်ရွာလုံးကလည်း ကြည့်မရအောင် ဖြစ်နေသတဲ့။

တစ်နေ့မှာတော့ ရွာလယ်ချောင်းကူးတဲ့ တံတားကြီး ကျိုးကျလို့ တစ်ရွာလုံးကလူတွေ လုပ်အားပေးနေကြသတဲ့။

ဒီအထဲမှာမှ ဦးဖိုးကြွယ်လည်း ထိပ်ဆုံးက လူတွင်ကျယ် အနေနဲ့ ပါနေတော့သတဲ့ကွယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ဖိုးထိန် ... သံရိုက်တာ လက်ကိုဖြောင့်အောင် ထားကွ၊ မိညှက် ... ဘာလုပ်နေတာလဲ၊ သဲသယ်မှာမဟုတ်လား ... ဒယ်အိုးနဲ့ သယ်လေဟာ၊ နင်တို့ကတော့လေ တစ်ယောက်မှကို အဖြစ်မရှိဘူး"

လှူငယ်များမှာ အလုပ်က ပင်ပန်းရတဲ့အထဲ ဦးဖိုးကြွယ်ရဲ့ ပါးစပ်ပေါက်ပေါက်ဖောက်တာကိုပါ နားညည်းအောင် ခံနေရတော့သတဲ့။

"လှူငယ်တွေကို ခိုင်းတာတော့ ဟုတ်ပါပြီ၊ ဦးကြီးဖိုးကြွယ်ကကော ဘာလုပ်မှာတုံးဗျ"

"ဟေ ... ငါက မပါမဖြစ် ပွဲတိုင်းကျော်လေ၊ ဒီတော့ မင်းတို့ပြီးမှ တံတားပေါ် အခန့်သားဖြတ်လျှောက်ရုံ ရှိတော့တာပေါ့ကွ ... အဟဲ ဟဲ"

"ဒါမှ ငါ မပါမပြီးဆိုတာ သဘာဝကျမှာပေါ့"

"တောက် ... ဒီလူကြီးတော့ကွာ၊ ဒီလိုလူမျိုးကို ဘယ်သူများ ဆုံးမပါ့မလဲ"

ဒီလိုမျိုး ရွာသားတွေဟာ ညည်းတွားနေသတဲ့။

အဲဒီအသံကို လက်သမားလုပ်တဲ့ မောင်ပညာက ကြား သိသွားပြီးတော့ ဒီလိုမျိုး ပြောသတဲ့ကွယ်။

"နောင်ကြီးတို့ မပူကြပါနဲ့လေ ... ဦးဖိုးကြွယ်ဟာ



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက် မပါမဖြစ် ဖြစ်နေမှတော့ ကျွန်တော် ဥပမာပေးလိုက်ပါ့မယ်''

"အေး ... လုပ်စမ်းကွာ''

ရှာသားတွေက မောင်ပညာကို အားကိုးတကြီးနဲ့ ဝိုင်းပြောကြသတဲ့။

မောင်ပညာက လူသာငယ်ပေမယ့် အသိပညာ၊ သုတနဲ့ ပြည့်စုံကြွယ်ဝသူမို့ တစ်ရွာလုံးကလည်း အားထားကြသတဲ့။

ဒီလိုနဲ့ ဦးဖိုးကြွယ်အနားသို့ ရောက်လာတဲ့အခါ ...

"လာ ဦးကြီးဖိုးကြွယ် ... ရေနွေးကြမ်းသောက်၊ ပြီးရင် ကျွန်တော်ပြောတဲ့ ပုံပြင်လေးလည်း နားထောင်ပေါ့''

"ဟေ ... ပြောစမ်းကွာ၊ ဘာပုံပြင်တုံး''

"ကဲ ... ကျွန်တော်ပြောပြတဲ့ ပုံပြင်ကို သေချာနားထောင်ဗျ နော်''

မောင်ပညာက အစချီပြီး ဒီလိုပြောပြသတဲ့ကွယ်။

"ဒီလိုဗျ ... တစ်ခါက တောအုပ်တစ်ခုထဲမှာ ကြက်ဖကြီးတစ်ကောင် ရှိသတဲ့ဗျ။ အဲဒီကြက်ဖကြီးဟာ သူ့ရဲ့တွန်သံကြားမှ နေမင်းကြီးထွက်ရတာယ်ဆိုပြီး တောထဲမှာ ဝါကြွားလို့နေသတဲ့''



www.burmeseclassic.com

www.burmeseclassic.com



"အောက်အီးအီးအွတ် ...တွေ့လား ...ငါတွန်လို့ မိုးလင်းတာကွ၊ တယ်တော်တဲ့ငါ အဲ ...ကြက်ပါလား"

တစ်နေ့တော့ ဖိုးကွက်ပညာရှိနဲ့တွေ့ပြီး ဖိုးကွက်က ဇီးလိုပြောသတဲ့။

"ကြက်ဖကြီးရာ ...သိပ်ပြီးလည်း ဖင်ခေါင်းကျယ်မနေ ရဲ့ မိုးပါနဲ့၊ ဒီမှာ မင်း မတွန်လည်း နေမင်းကြီးက သူ့အချိန်တန် တော့နဲ့ ထွက်လာမှာပဲ၊ ကြံဖန်ပြီး ဝံ့ကြွားမနေစမ်းပါနဲ့ကွာ"

"အောင်မာ ရာရာစစ ...မျက်ပြူးဖိုးကွက်ကများ ပြောပ ...ဒီမှာ မနက်ဖြန် ငါမတွန်ဘဲ နေပြမယ်၊ အဲဒီကျ မင်းတို့ မိုးမလင်းလို့ နေမထွက်တာ တွေ့ရမယ်ကွ"

ကြက်ဖကြီးက အဲဒီလိုကြိမ်းဝါးပြီး နောက်နေ့မှာ မတွန် ဘဲနဲ့ နေသတဲ့။ ဒါပေမဲ့ နေမင်းကြီးက အချိန်တန်တော့ သူ့ဟာ သူ ထွက်မြဲထွက်လာတာကြောင့် ကြွားဝါလုတဲ့ ကြက်ဖကြီး ဟာ တောကောင်တွေရဲ့အလယ်မှာ အရှက်ကွဲရတော့သတဲ့။

ကဲ ...ပုံပြင်လေးကတော့ ဒါပဲတဲ့ဗျာ"

မောင်ပညာက သူ့ပုံပြင်ကို အဆုံးသတ်လိုက်တဲ့အခါ မှာ ဦးဖိုးကြွယ်ဟာ မျက်နှာ ဆီးရှက်လောက်ဖြစ်သွားပြီး အများတွေအတွက် ဝန်ချတောင်းပန်တော့သတဲ့။

"မောင်ပညာရယ် ...ဒီနေ့ ဒီအချိန်ကစလို့ ငါ



www.burmeseclassic.com

www.burmeseclassic.com



အေကာင်းတဲ့အကျင့်စရိုက်တွေကို ပြုပြင်ပါတော့မယ်၊ နေရာ အတော်မှာ ငါပါမှ ပြီးတယ်ဆိုတဲ့ စရိုက်မျိုးကိုလည်း ရှောင်ပါ တော့မယ်ကွာ”

ညီ၊ ညီမလေးတို့ရေ ...

နေရာတိုင်းမှာ ငါအစွဲမျိုး မထားမိကြစေနဲ့ကွယ်။ သူ့ နေရာနဲ့သူ အံဝင်ခွင်ကျဖြစ်ဖို့သာ ကျင့်ကြံကြပေါ့ကွယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# ကြမ္မာဝိပါက် ဇက်ပိုးတက်




www.burmeseclassic.com

www.burmeseclassic.com

## ကြမ္မာ ဗိပါက် ဇာတ်ပိုးတက်

ညီ၊ ညီမလေးတို့ရေ ...

တစ်ခါတုန်းက 'ကျိုးကန်းရွာ'မှာ ကျွဲသတ်၊ နွားသတ်၊ ဝက်သတ် စတဲ့အလုပ်တွေကို လုပ်ကိုင်ပြီး စီးပွားရှာလို့ အသက်မွေးနေတဲ့ ဖိုးညိုတုတ်ဆိုတာ ရှိသတဲ့။

ရွာမှာရှိတဲ့ ရွာသူရွာသားအားလုံးက စိုက်ပျိုးရေးနဲ့ လယ်ယာအလုပ်ကို လုပ်ကိုင်ကြပေမယ့် ဦးညိုတုတ်ကတော့ ဖြင့် ကျွဲပေါ်မလား၊ ဝက်ပေါ်မလား၊ နွားပေါ်မလား ... အရန်သင့် အလွယ်နည်းနဲ့ စီးပွားရှာ အသက်မွေးပါသတဲ့။

သူ လက်ခံအဖြစ် ရရှိလာတဲ့ အသားတွေ၊ အမဲတွေကိုတော့ မယားဖြစ်သူ မိကျော့စိန်ကို ရွာစဉ်လှည့်ပြီး ရောင်းနိုင်း



www.burmeseclassic.com

www.burmeseclassic.com



ပါသတဲ့။

ဖိုးညို့တုတ်ဟာ တစ်မိပေါက် တစ်ယောက်ထွန်း ဆိုသလို သူ့မိသားစုများက လယ်ယာလုပ်ငန်းနဲ့ အသက်မွေးကြပေမယ့် ဖိုးညို့တုတ်ခမျာမှာတော့ ငယ်စဉ်တောင်ကျေး ဘဝကတည်းက လောက်လေးတစ်လက်ဖြင့် ငှက်ပစ်သတဲ့။

ကြီးလာပြန်တော့ ဓားတစ်လက်၊ ပုဆိန်တစ်လက် ကိုင်ပြီး ရွာစဉ်လည်လို့ သားသတ်အလုပ်ကိုသာ လုပ်တော့သတဲ့။

တောရွာမလေးတို့ရဲ့ ထုံးစံအတိုင်း သာရေးနာရေးပွဲတွေ ဆို ဖိုးညို့တုတ်တို့ ထမင်းမေ့ ဟင်းမေ့ကို ဖြစ်ရောတဲ့။

"ဖိုးညို့တုတ်ရေ ... မနက်ဖြန် မင်္ဂလာပွဲအတွက် မင်းကို စိတ်ချမယ်နော်၊ အချိန်တော့ မလင့်စေနဲ့၊ ဒေါ်ဖွားမေတို့က အဆင်သင့် ချက်ပြုတ်ကြဖို့ မင်းကိုစောင့်နေမှာ"

"စိတ်ချ ကိုရင်မြမောင်ရေ ... ထန်းရည်ခါးလေး မြတ်သွားတာနဲ့ ခင်ဗျားဝယ်ထားတဲ့ဝက် တုံးခနဲလဲပြီး အမဲဘဝ ရောက်သွားစေရမယ်၊ ဖျက်ဖို့ကတော့ အများဆုံးကြာလှ ခဏ တစ်ဖြုတ်ပေါ့ဗျာ"

ဖိုးညို့တုတ်ဟာ သူ့ အပ်ပေါ်တဲ့အလုပ်ကိုတော့ အင်မတန်မှ စီရိယရှိသတဲ့။

သူ့ လွယ်ပလိုင်းထဲမှာပါတဲ့ ထန်းရည်ခါး ကုန်သွားတာ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ သူ့သွေးသားတွေလည်း ဆူဝေသွားပြီး အသင့်ဖြစ်နေတဲ့ ခက်ဖြစ်ဖြစ်၊ ကွဲနွှားဖြစ်ဖြစ် ပုဆိန်နဲ့ ခေါင်းကို ဒုတ်ခနဲ မြည် အောင်ကို ခုတ်ချလိုက်ပါသတဲ့။ ပြီးတာနဲ့ ရေနွေးဖျောပြီး ကိုယ် ဆိုင် အသားဖျက်ပါတော့သတဲ့။

ဒီအတွက် သူ့လုပ်အားခကို ငွေကြေးလည်းရသလို ဟင်းစားအဖြစ်လည်း ဝမ်းတွင်းကလီစာသားကို ရသတဲ့။

သူရရှိလာတဲ့ ဝမ်းတွင်းကလီစာသားကို မယားလုပ်တဲ့ အကျော့စိန်က ရွာစဉ်လှည့်လည်လို့ ရောင်းပြီး အိမ်ဝင်ငွေကို ရရှိပါသတဲ့။

အလှူမင်္ဂလာပွဲ၊ သာရေးနာရေးပွဲသဘင်က တချို့တွေ ဆော့ ငွေပင်ငွေရင်း အမြတ်ရဖို့ တမင်တကာ အမဲပေါ်၊ ဝက် ပေါ်ပြီး ရောင်းကြသတဲ့။

သူတို့အဖို့မှာတော့ ဖိုးညိုတုတ်ဟာ မပါမဖြစ် မင်းသား ချောကြီး ဖြစ်နေတော့သတဲ့။

လက်ရဲ ဖက်ရဲကလည်းရှိ၊ လုပ်တာကလည်း မြန်ဆန် သွက်လက်တာကြောင့် ဖိုးညိုတုတ်ကိုသာ အားထားကြသတဲ့။

“ဖိုးညိုတုတ်ရေ လုပ်ပါဦးကွာ ... ဝက်မကြီးရွာက ဝက်သုံးကောင် အော်ဒါမှာထားလို့ ဒီမှာ မင်းအတွက် ဝေနံ့နဲ့ ခါးလေးလည်း အဆင်သင့် လုပ်ထားပေးတယ်”

www.burmeseclassic.com



"လုပ်ပေးရမှာပေါ့ ကိုသာစိန်ရေ ... ထန်းရည်ခါးမျက်နှာကြောင့်ပေါ့၊ ကျုပ်အဖို့ကတော့ ဝမ်းတွင်းသားပေးရမှာနော် ... ဒါ ထုံးစံပဲ"

"ပေးပါ့မယ် ငါ့ကောင်ရာ ... ဝမ်းတွင်းသားက မင်းအတွက်ဆိုတာ သိပြီးသားပါ၊ မနက်ဖြန်လည်း တောင်ပိုင်းကရွာအတွက် နွားနှစ်ကောင်ပေါ်ဦးမှာနော်၊ အချိန်တော့ နောက်မကျစေနဲ့"

"ဟား ဟား ဟား ... ဖိုးညိုတုတ်အတွက် ဝေစုသားကောင်းကောင်းရပါစေဗျို့၊ မနက် နေတောင် မထွက်စေရဘူးဗျ"

"အေးပါကွာ ... ငါ့ဘက်ကလည်း မင်းကို ဝမ်းတွင်းကလီစာသာ မကဘူး ... အသားနှစ်တွဲပါ ပေးမယ်"

"ဟီး ဟီး ... လုပ်လိုက်စမ်း၊ ဖိုးညိုတုတ်တို့ ကြီးပွားချိန်ကျပြီနဲ့ တူပါရဲ့"

ခိုင်းသူက ရက်ရက်ရောရော ပေးပြီးခိုင်းလေတဲ့အခါ လုပ်ကိုင်ပေးမည့်သူ ဖိုးညိုတုတ်မှာလည်း သတ္တဝါတွေကို ရက်စက်စွာ သတ်ဖြတ်နေရပေမယ့် ပန်းပွင့်တစ်ပွင့်ကို အလွယ်တကူ ခူးယူသကဲ့သို့ ထမင်းစားရေသောက်သဘောမျိုး ဖြစ်နေပါတော့သတဲ့။

ရွှေကလားစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဖိုးညိုတုတ်အတွက်ကျပြန်တော့ လုပ်ရတဲ့အလုပ်က သတ္တဝါသတ်ဖြတ်တဲ့အလုပ် ဖြစ်ပေမယ့် သက်သောင့်သက်သာ အလည်း ရှိ၊ အိမ်အတွက် အသုံးစရိတ်ကျပြန်တော့ လိုတာထက် ပိုရနေသလိုမျိုးဆိုတော့ ထင်ထားတာထက် အဆင်ပြေ။

. ဒါတင် မကသေးဘဲ ...

အစားကျပြန်တော့လည်း နေ့စဉ် သတ်ဖြတ်လို့ရတဲ့ အသားတွေဟာ သူတို့လင်မယားနှစ်ယောက်အတွက်တော့ နှစ်သက်ဖွယ်အလား ဖြစ်နေလေတော့ အမိုက်မှောင်ကမ္ဘာ၊ အကုသိုလ် အလုပ်ကြီးမှန်း သိပေမယ့် ဖိုးညိုတုတ်တို့က ရဲရဲကြီးကို တိုးဝင်လို့ နေပါသတဲ့။

အမိုက်မှောင်မှန်း မသိ တိုးဝင်နေမိနေတဲ့ကြားက ယောက်ဖြစ်သူ မကျော့စိန်ကပါ အနောက်က အဆင်းမှာ ဘီးတစ် ဆေးလိုက်တဲ့အခါမှာတော့ ဖိုးညိုတုတ်အဖို့ ရခဲလှတဲ့ လူ့ဘဝကိုပါ မှေ့လို့ အမှောင်တိုက်ကို မျက်စိစုံမှိတ်ပြီးတော့ကို တိုးဝင်လိုက်ပါ တော့တယ်တဲ့။

"ကိုဖိုးတုတ် ... တော့်ကိုပြောမလို့"

"ဟေ ... ဘာတုံးကွ၊ မင်းဟာက အလန့်တကြား"

"ရှင့်မှာကလည်း လန့်ရတာနဲ့၊ ဒီမယ် ... ကျွန်မရဲ့ အခုအချိန်က စီးပွားတက်ချိန်ရှင့်"

www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ... ဒါကြောင့် နေ့တိုင်း ဝင်ငွေဖြောင့်နေတာပေါ့"

"တော့်ကိုလည်း အဲဒါပဲပြောမလို့၊ ဒီမှာရှင့် ... မိုးရွာတုန်း ရေခံမှ ရေပြည့်မှာတော့၊ စီးပွားဆိုတာ ရတုန်း ရှာထားရတယ်၊ ဒါမှ မြန်မြန်ကြီးပွားချမ်းသာမှာရှင့်"

"ဟ ... ငါလည်း အခု အလုပ်လုပ်နေတာပဲလေ၊ ရက်ပျက်တောင်ရှိလို့လား"

"ရက်ပျက်တော့ မရှိပါဘူးတော်၊ ဒါပေမဲ့ ဝင်ငွေကောင်းတုန်း ကြိုးစားပြီးလုပ်ဖို့ ပြောတာ၊ ရှင့်အလုပ်က နာရီပိုင်းနဲ့ မပင်ပန်းဘဲ ငွေရတာမဟုတ်လား"

"အေး အေး ... တော်ပြီ မိန်းမ၊ မင်း ပိုက်ဆံများများလိုချင်တာ မဟုတ်လား ... ရ,ရစေမယ်၊ ငါ ခါတိုင်းထက် အမဲပိုပြီး ပေါ်လိုက်ရုံပေါ့ ... မဟုတ်ဘူးလား"

"ဟုတ်ပါပြီ"

"ဖိုးညိုတုတ်ပါကွ ... ခါးနဲ့ပုဆိန်သာရှိ, ငွေရှိပြီးသားပဲကွ"

ဖိုးညိုတုတ်ဟာ ခါတိုင်းဆို သူ့ အမဲပေါ်တဲ့အလုပ်ဟာ မနက်ပိုင်းပဲ လုပ်သတဲ့။

အခုတော့ မယား မကျော့စိန်ရဲ့ တွန်းအားပေးမှုနဲ့ ရှာစဉ်



www.burmeseclassic.com

www.burmeseclassic.com



လှည့်ပြီး သားသတ်အလုပ်၊ အမဲဖျက်တဲ့အလုပ်ကို လုပ်သတဲ့။

"မျိုး ကိုညွန့်စိန် . . . ခင်ဗျားနွားမကြီး သားမကျတော့ဘူးဆို"

"အေးကွ . . . ငါလည်း အဲဒါစိတ်ညစ်နေတာ၊ နွားရေးတွေ ကောင်းမှကွာ"

"ဒါများဗျာ . . . စိတ်ညစ်မနေနဲ့၊ အသားဖျက်ပြီးသာရောင်းလိုက်၊ ငွေ ချက်ချင်းပေါ်ရော"

"ဟုတ်လား ဖိုးညိုတုတ်၊ ဒါဖြင့်လည်း မင်းပဲပေါ်လိုက်၊ အမဲဖျက်ခ မင်းဖြတ်ယူပြီး ပိုတဲ့ငွေ ငါ့ကိုပေးပေါ့ကွာ . . . ဟုတ်လား"

"ဟား ဟား မား . . . ဖိုးညိုတုတ်အတွက် ပိုက်ဆံကရှာလို့မခက်ပါဘူး။ စိတ်ချမျိုး . . . ကျုပ် အမဲဖျက်ဖိုးကလွဲပြီး တစ်ကျပ်တစ်ပြားမှ မလျှော့စေရဘူး"

ဖိုးညိုတုတ်ဟာ မယားဖြစ်သူ အကြံပေးတဲ့အတိုင်း ခါတိုင်းထက် အလုပ်ကိုပိုလုပ်သတဲ့။

သူ့အလုပ်က အမဲပေါ်၊ ဝက်ပေါ်နဲ့ သားသတ်သမားအလုပ်ဆိုတော့ သူတို့လင်မယား ပြည့်စုံကြွယ်ဝလာပေမယ့် ကျွဲ နွား ဝက် သတ္တဝါတို့မှာ ဆေ့စဉ်နဲ့အမျှ အစုညီးနဲ့အများ သေဆုံးနေကြရပါတော့သတဲ့။

---

www.burmeseclassic.com



"ဖိုးညိုတုတ်ရေ ... ငါ လယ်စိုက်ဖို့ ငွေလိုနေလို့ကွာ၊ အိမ်က နွားထီးနှစ်ကောင် လာပေါင်ပေးစမ်းပါဦး၊ (လက်ခ) အမဲဖျက်ခကို မင်းစိတ်ကြိုက် လုပ်ပေးပါ့မယ် ... ဟုတ်လား"

"ကောင်းပြီလေ ... ငွေသာရ လုပ်ပေးရမှာပေါ့၊ အင်း ... ရွာထဲမှာ ငါက နာမည်ကျော်တောင် ဖြစ်နေပါပေါ့လား၊ ဟိုလူက 'တ'လိုက်၊ ဒီလူက ကူညီခိုင်းလိုက်နဲ့ ... ဟုတ်နေပြီ ပေါ့"

ဖိုးညိုတုတ်ဟာ သူ့ရဲ့အမိုက်မှောင် အကုသိုလ်အလုပ်ကို အယူလွဲမှားစွာနဲ့ မိုက်မိုက်မဲမဲနဲ့ကို ဖက်တွယ်ထားပြီး နေ့နေ့ညည တောင် မရှောင်နိုင်တော့ဘဲ သူ့အသက်သတ်ဖြတ်ခြင်းကို ကျူး လွန်နေတော့သတဲ့။

ညီ၊ ညီမလေးတို့ရေ ...

မကောင်းတဲ့အကုသိုလ်အလုပ်ကို လုပ်ကိုင်နေတဲ့ ဖိုးညို တုတ်ဟာ အချိန်တန်တဲ့တစ်နေ့မှာတော့ မကောင်းမှုကံကြမ္မာ အကျိုးပေးက သူ့ကို ကောင်းကောင်းကြီး အကျိုးပေးပါလေ သတဲ့။

တစ်နေ့ ရွာလယ်ပိုင်းက ကိုသာဟန် ရောက်လာပြီး ဒီလိုပြောသတဲ့။

"ဖိုးညိုတုတ်ရေ ... ငါ့သမီးမင်္ဂလာပွဲ အမွှေးအမွှေး

www.burmeseclassic.com

www.burmeseclassic.com


အတွက် ဟိုဘက်ရွာက နွားထီးနှစ်ကောင် ဝယ်ထားတယ်ကွ၊ အဲဒါ မင်းသွားဆွဲခဲ့ပေးပါလား။ ဒီရောက်ရင်လည်း မင်းပဲ တာဝန်ယူပြီး အမဲဖျက်ပေါ့"

"ဟား . . . အလုပ်က အဆင်ပြေချင်တော့လည်း ဆက်တိုနေပါလားဟ၊ ကျုပ်လည်း အဲဒီရွာမှာ နွားသွားပြီး ပေါ်ပေးများ၊ ဒါဖြင့် အပြန်ကျ နွားဆွဲလာရုံပေါ့"

"အေး . . . ဟုတ်တယ်၊ ဒါနဲ့ အဲဒီနွားသိုးနှစ်ကောင်က အအားဝေ့တယ်တဲ့နော်၊ ခိုင်းလို့မကောင်းလို့ အသားဈေးနဲ့ ငါ့ကို ရောင်းတာတဲ့"

"ကျွတ် . . . ဒီမှာ . . . ဝေ့စမ်းပါစေဗျာ၊ နွားဝေ့မှာ ကြောက်လို့ နွားသတ်သမား လုပ်နေဘာဗျာ . . . ဟား ဟား"

"အေး အေး . . . မင်းပြောတာလည်း ဟုတ်သား။ ငါက သတိပေးတာပါကွာ"

"ကဲ ကဲ . . . ကျုပ်သွားပြီဗျို့၊ နေတောင် အတော်စောင်းသွားပြီ၊ မိကျော့စိန်ရေ နင် ဝမ်းတွင်းသားရောင်းဖို့ အဆင်သင့် ထုပ်ထားပေတော့၊ ဟိုဘက်ရွာက အောင်ကြိုင်က အသားတွဲပေးမယ် တဲ့"

"ကောင်းပါပြီတော် . . . ရှင်ပါလာသမျှ မိကျော့စိန် ကြီးက ပြောင်တလင်းခါအောင် ရောင်းပေးမှာပါတော်၊ ဒါမှ ပိုက်ဆံ

www.burmeseclassic.com


ပေါ်မှာပေါ့''

သူတို့လင်မယား အတိုင်အဖောက်ညီနေပုံမှာ အကုသိုလ်
အလုပ်ကို မကြောက်ကြသူများမို့ပင်။

ဖိုးညိုတုတ်လည်း ဟိုဘက်ရွာကို သုတ်ခြေတင်ခဲ့သတဲ့
ဖိုးညိုတုတ်ဟာ ရောက်တာနဲ့ နွားတစ်ကောင် ချက်ချင်း
ပေါ်ပေးပြီး သူ့အတွက် ဝေစုရတဲ့အသားတွေနဲ့ ဝမ်းတွင်းသား
တွဲတွေကို တုတ်နဲ့လျှိုထမ်းပြီး အပြန်ကျတော့ ကိုသာဟန်ခိုင်း
ထားတဲ့ နွားနှစ်ကောင်ကို ကြိုးနဲ့ဆွဲကာ ခေါ်လာပါသတဲ့။

ခိုင်းနွားနှစ်ကောင်က ပေကာတ် ပေကာတ် လုပ်နေတော့
သူ့အတွက် ဒေါသဖြစ်စရာ ဖြစ်လာသတဲ့ကွယ်။

''တောက် ... ဒီနွားစုတ်နှစ်ကောင် ပေကာတ်ကတ်နဲ့
ဖိုးညိုတုတ်အကြောင်း မသိသေးဘူးနဲ့တူတယ် ... ကဲကွာ ဟဲ
ကွာ''

'ဖုန်း .. ဖုန်း'

'ဝမ်းဘော ဝမ်းဘော'

နွားနှစ်ကောင်ကလည်း ပေကာတ်ကတ်နဲ့ ပိုလုပ်လာ
သတဲ့။

ဒါနဲ့ ဖိုးညိုတုတ်ကလည်း ဝါးလုံးနဲ့ကို တဘုန်းဘုန်း
ရိုက်ပြန်သတဲ့။

ရွှေကလောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အံမာ . . . နွားစုတ်တွေ ငါ့မျှား ဘာမှတ်လို့ မေကာတ် အတ်လုပ်နေတာလဲ၊ တစ်လမ်းလုံး ငါခေါ်ရာ လိုက်လာပြီးတော့ များ"

"ဒီလောက်ဖြစ်တာ . . . ကဲကွာ ကဲကွာ"

'ဘုန်း ဘုန်း'

'ရှုက် ရှုမ်'

'ဝမ်းဘော'

ရှာထိပ်အရောက်မှာ နွားနှစ်ကောင်စလုံးက လုံးဝမသွား တော့ဘဲ ခြေစုံရပ်နေတော့သတဲ့။

ဒါကို ညီုတုတ်က ဒေါသဖြစ်ဖြစ်နဲ့ တုတ်နဲ့ရိုက်သတဲ့။ နောက် အားမရတော့ လက်ထဲမှာအသင့်ပါတဲ့ ဓားနဲ့ပါ နွားရဲ့ အင်ပါးသားတွေကို ထိုးလိုက်သတဲ့။

ဒီမှာတင် အင်မတန်မှ နာကျင်သွားတဲ့ နွားနှစ်ကောင် ဟာ ရှူးရှူးရှားရှား နာမှုတ်လို့ ဖိုးညီုတုတ်အား ကော်ပတ်ရုပ် လေးတစ်ရုပ်လို အတင်းလိုက်ဝှေ့ပါတော့သတဲ့။

'ပိုး . . ဖုန်း ဖုန်း'

"အား အား . . . အောင်မယ်လေး သေပါပြီဗျ . . . အယ်ကြပါဦးဗျာ၊ ကယ်ကြပါဦး"

ဖိုးညီုတုတ်အသံကြီးက ရွာထိပ်ကွင်းပြင်မှာ ဟည်း



www.burmeseclassic.com

www.burmeseclassic.com



လောင်စွာ ထွက်လာပေမယ့် အကုသိုလ်မကောင်းကျိုးပေး အချိန်ကျလို့ ထင်ပါရဲ့ . . .။ ဘယ်သူမှ မကြားသလို ဘယ်သူမှ လည်း ကယ်ကြဖို့ ရောက်မလာပါဘူးတဲ့။

နွားနှစ်ကောင်ကလည်း သူတို့အသားကို နာကျင်အောင် ရိုက်နှက်ထားတဲ့ ဖိုးညိုတုတ်ကို ဦးခေါင်းနဲ့ရမ်းပြီး ဝှေ့လိုက် မြေကြီးကိုကျလာတဲ့အခါ ခွာအစုံနဲ့ နင်းလိုက်နဲ့ အငြိုးတကြီးကို ဒေါသဖြစ်ပြီး ဝှေ့နေပါတော့သတဲ့။

နောက်ဆုံး ဖိုးညိုတုတ် လှုပ်ရှားမှုမရှိတော့တဲ့အခါမှ သာ နီးစပ်ရာတောထဲ ပြေးဝင်လို့သွားကြတော့သတဲ့။

ရွာသူရွာသားတွေ ရောက်လာတဲ့အခါကျတော့ ဖိုးညို တုတ်ဟာ ဒဏ်ရာဒဏ်ချက်များစွာနဲ့ မေ့မြောပြီး သေလုမျောပါး ဝေဒနာခံစားနေရသတဲ့။

သူ့ကို မြို့ဆေးရုံမှာ လေးငါးလ ဆေးကုပြီး ရွာပြန် ရောက်ခဲ့ပေမယ့် သူဟာ နံရိုးတွေလည်းကျိုး၊ ခြေထောက်နှစ် ဖက်လုံးလည်း မသန်တော့ဘဲ ဒုက္ခိတဘဝ ဖြစ်သွားပါတော့ သတဲ့။

ညီ၊ ညီမလေးတို့ရေ . . .

လောကကြီးမှာ ကံကြမ္မာ ဝိပါက် ဆိုတာ ခြားရဟတ် ကြီးလို အမြဲလည်ပတ်လို့နေပါသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို မကောင်းတာလုပ်ရင် တစ်ချိန်မှာ ကိုယ်လည်း ဒီဂတ်ကြမ္မာကို ပြန်လို့ခံစားရမှာ မလွဲမသွေပါပဲ။

ဖိုးညိုတုတ်ဟာ သူ့အသက်သတ်ခြင်းဆိုတဲ့ အကုသိုလ်ဏံကြောင့် ဒုက္ခိတဘဝကို ချက်ချင်းလက်ငင်း ရောက်ရှိသွားတာ ပေါ့ကွယ်။

ဒီတော့ ညီ၊ ညီမလေးတို့လည်း လောကရဲ့အလယ်မှာ အကုသိုလ်ကင်းစွာနဲ့ နေထိုင်နိုင်ကြပါစေလို့ ဆုမွန်ကောင်း တောင်းပေးလိုက်ပါတယ်ကွယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# သူတော်ကောင်းမို့ နတ်ကောင်းမ



www.burmeseclassic.com

www.burmeseclassic.com

# သူတော်ကောင်းဆို နတ်ကောင်းမ

ညီး၊ ညီမလေးတို့ရေ ...

တစ်ခါတုန်းက ရွာတစ်ရွာမှာ မောင်ကံလို့ခေါ်တဲ့ သူဆင်းရဲလေးတစ်ယောက် ရှိသတဲ့ကွယ်။

မောင်ကံဟာ အများသူငါတွေလို လယ်ပိုင်၊ ယာပိုင်မရှိ တစ်ကောင်ကြွက် တစ်မျက်နှာနဲ့ ရွာထဲကအိမ်တွေမှာ ထင်းခွေ ရေခပ် စတဲ့အလုပ်တွေ လုပ်ပေးရသတဲ့။

"မောင်ကံရေ ... တို့အိမ် ထင်းပြတ်နေပြီတော့"

"ဟုတ်ကဲ့ ဦးလေးဘမောင် ... ဟုတ်ကဲ့"

"မောင်ကံရေ ... အိမ်ရှေ့က ရေအိုးတွေပြည့်ရင် ဥယျာဉ်ခင်းထဲလည်း လောင်းလိုက်ပါဦးကွယ်၊ ညနေကျ မုန့်ထိုးမုန့်

www.burmeseclassic.com

www.burmeseclassic.com



ပါ့မယ်''

"ဟာဗျာ ... အရိုးလေးမပုကလည်း အရိုးမပုတို့အ
ကျွန်တော့်ကို နေ့တိုင်း ထမင်းကျွေးနေတဲ့ဟာ၊ ပိုက်ဆံပိုပေးနေ
မလိုပါဘူး''

ဒမောင်ကံဟာ အရွယ်လေးနဲ့မလိုက်အောင် လိမ္မာရေးခြာ
ရှိပြီး ခိုင်းတဲ့အခါလည်း ဖင်ပေါ့တာကြောင့် တစ်ရွာလုံးက ချစ်
ကြသတဲ့ကွယ်။

တစ်နေ့တော့ ...

မောင်ဖကံဟာ အလုပ်အားတဲ့ ညနေအချိန်လေးမှာ ရွာ
ထိပ်က ကုက္ကိုပင်တန်းဘက်ကို ဆော့ကစားဖို့ လမ်းလျှောက်
ထွက်လာသတဲ့။

အဲဒီအခိုက် ...

သူနဲ့ကစားဖော်သံလုံးနဲ့ ဖိုးပြားဟာ သွေးထွက်နေတဲ့
နဖူးကို လက်တွေနဲ့ဖိပြီး ပြေးလာပါသတဲ့။

"ဟာ သံလုံးနဲ့ဖိုးပြား ... မင်းတို့ကို ဘယ်သူလုပ်လိုက်
တာလဲ၊ ဘယ်လိုဖြစ်ကြတာလဲကွာ''

"အီး ဟီး ... သူဌေးသား ဦးလူဝသား ကောက်ကြီးပေါ့
... ထွေပစ်တာ ညစ်လည်းညစ်သေးတယ်၊ ငါတို့ကိုလည်း ထင်း
ချောင်းနဲ့ ကောက်ရိုက်လိုက်တာ''



www.burmeseclassic.com

www.burmeseclassic.com



"တောက် ... ဒါတော့လွန်တာပေါ့ကွာ၊ ကဲ ... လာ လာ၊ ငါ ဆေးထည့်ပေးမယ်၊ အင်း ... ညနေကျရင်တော့ ငါ ကောက်ကြီးအဖေ ဦးလှဝကို သွားတိုင်ထားဦးမှပါ"

ညနေရောက်တော့ မောင်ကံက ဦးလှဝအိမ်ကိုသွားပြီး ဦးလှဝကို သူ့သားကောက်ကြီးအကြောင်း တိုင်ကြားပါတော့ သတဲ့။

"ဦးလေးလှဝ စဉ်းစားကြည့်ဗျာ ... ကစားဖော်သူငယ်ချင်း အချင်းချင်းတွေ ဒီလို ထိပ်ပေါက်၊ ခေါင်းကွဲလုပ်တာတော့ ဘယ်လာကောင်းမှာလဲဗျ"

ဦးလှဝက ...

"ဟော့ကောင် မောင်ကံ ... ငါ့သားက သူ့မှန်လို့လုပ်တာ၊ မင်းက ဘာလို့ ကြားက ဝင်ပါနေရတာလဲ"

"ကျွန်တော်က တစ်ဖက်လူအတွက် စေတနာနဲ့ ပြောပြတာပါ"

"မလိုချင်ဘူး ဟော့ကောင် ... မင်း ဘာမှ မပြောနဲ့၊ အိုကွာ ... ငါ့အိမ်ရိပ်တောင် မနင်းလေနဲ့"

"သွားပါ့မယ်ဗျာ ... သွားပါ့မယ်"

မောင်ကံဟာ ဘာမှမပြောတော့ဘဲ ပြန်လာခဲ့ပါ သတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ရွာထဲကလူတွေကတော့ မောင်ကံကိုကြည့်ပြီး ဒီလိုပြော ကြသတဲ့။

"မောင်ကံရယ် . . မင်းကတော့ သူငယ်ချင်းတွေအတွက် ကောင်းရာကောင်းကျိုး သွားပြောတာ၊ ဒီ ဦးလူဝက တယ်ပြီး စိတ်ကောင်းရှိတာ မဟုတ်ဘူး။ မင်းကို တစ်ချိန်မှာ အကောက် ကြံလိမ့်မယ်"

"ဒါက ကျွန်တော်လည်း မှန်တာပြောတာပဲဗျာ၊ သူ့ ဘက်က ကောက်ကျစ်တော့လည်း သူ့ကံတရားအတိုင်းပဲပေါ့ ဗျာ"

ဒီလိုနဲ့ တစ်နေ့တော့ မောင်ကံရဲ့အိမ်ကို ဦးလူဝ ရောက် လာသတဲ့။

"ဟော . . . ဦးလူဝကြီးပါလား။ လာဗျာ . . . ထိုင်ပါဦး။ ကိစ္စများ ရှိလို့လားဗျ"

"အေး . . . မင်းဆီလာမှတော့ ကိစ္စရှိလို့ပေါ့ကွာ၊ ဒီလို ကွ . . . ဟိုဘက်ရွာက ငါ့မိတ်ဆွေ ဦးဂျမားဆီမှာ မင်းကို မစွည်းတစ်ခု သွားယူခိုင်းချင်လို့ကွ"

"အိုဗျာ . . . ဒါများ ဦးကြီးသား ကောက်ကြီးကို ယူခိုင်း လိုက်ရင် ပြီးတာပဲဟာ"

"ဟာကွာ . . . ကောက်ကြီးက ငါ့သားပေမယ့် မင်း

www.burmeseclassic.com

www.burmeseclassic.com



လောက် စိတ်ချရဘူးကွ၊ ခုပစ္စည်းက ငါ့အတွက် သိပ်ပြီးအရေးကြီးတယ်၊ မင်းကို ပိုက်ဆံပေးမှာပါ"

"မာချာ ... ပိုက်ဆံမပေးလည်း ကျုပ်က လုပ်ပေးမှာပါ ကဲ ... ဘယ်တော့သွားယူရမှာလဲသာ ပြော"

"အေး ... ဒီညနေပဲကွာ၊ ဒီမှာ ... ငါ မင်းကို သေချာမှာရဦးမယ်၊ ဒီကောင် ဂျမားဆီက ပစ္စည်းဟာ ငါ့အတွက် အိပ်တန်ဖိုးကြီးတယ်ကွ၊ သူပေးလိုက်တာ ငါ့ပစ္စည်း စစ်,မစစ် ရွာထိပ်က ရောက်ရောက်တော့ မင်း ဖွင့်ပြီးစစ်ကြည့်လိုက်ဦး ... ကြားလား"

"ဟုတ်ကဲ့ပါ ဦးလူဝကြီးရာ၊ ကျွန်တော် ဦးလူဝမှာတဲ့အတိုင်း သေသေချာချာကို လုပ်ခဲ့ပါ့မယ်"

ဒီလိုနဲ့ ညနေရောက်တော့ မောင်ကံဟာ ဦးဂျမားဆီကို သွားသတဲ့။

"ဗျို့ ဦးဂျမား ... ဦးလူဝက သူ့အထုပ်ယူခိုင်းလိုက်တယ်ဗျ"

"ဟေ ... အေး အေး ကောင်လေး ရော ... မင်း မင်း လမ်းမှာတော့ ဖွင့်မကြည့်နဲ့ကွာ၊ သူ့အိမ်ကိုသာ အရောက်အောင် ပို့ပေးလိုက်ကွာ"

"ဟုတ်ကဲ့ ဦးဂျမား"

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ကဲ … နေဦး၊ ရော့ … ဒါက မင်းစားဖို့ ကောက်ညှင်းထုပ်၊ သွား သွား … သူ့အိမ်သာ အမြန်သွားပို့လိုက်၊ လမ်းမှာလည်း ဖွင့်မကြည့်နဲ့ဦး"

မောင်ကံဟာ ဦးဂျမားပေးလိုက်တဲ့အထုပ်ကို ခွဲလို့ ရွာကို ပြန်ခဲ့သတဲ့။

လမ်းရောက်တော့ သူဟာ ဒီလိုစဉ်းစားမိသတဲ့။

"အင်း … ဦးဂျမားဟာ တော်ရုံဆို စိတ်ကောင်းရှိတဲ့သူ မဟုတ်ဘူး။ ဒီတော့ ငါ့ကို အထုပ်ဖြည်မကြည့်ဖို့ သူကမှာသေးတယ်၊ ဒါဟာ အကြောင်းတော့ ရှိမှာ အသေအချာပဲ၊ သူသာ မကောင်းတာလုပ်ထားသူ အမှန်ဆို ငါ့ကို ဒီလို ဘယ်မှာကြားလိမ့်မလဲ"

ဒီလိုနဲ့ မောင်ကံဟာ ရွာထိပ်ဇရပ်ကိုရောက်တော့ ခဏနားသတဲ့။

ဒီအခိုက် …

သူ့အနားကို အဘိုးအိုတစ်ဦး ရောက်လာသတဲ့။

"ဟော အဘ … အဘက ဒီရွာက မဟုတ်ဘူးနဲ့တူတယ်၊ ဘယ်များသွားမလို့လဲ အဘရဲ့"

"အေး … မောင်ရင့်ဆီကိုပဲ အဘက လာခဲ့တာကွဲ့၊ ဟောဒီ မောင်ရင်ကိုင်ထားတဲ့ အထုပ်ဟာ အင်မတန်မှ အဆိပ်



www.burmeseclassic.com

www.burmeseclassic.com



ဖြင်းတဲ့မြွေဟောက် ထည့်ထားတဲ့အိတ်ပဲကွဲ့၊ ဒီတော့ မောင်ရင့် အိတ်နဲ့ ဟောဒီက အဘရဲ့အိတ်ကို လဲယူဖို့ လာခဲ့တာပဲ”

ဒီတော့ မောင်ကံဟာ မျက်လုံးမျက်ဆန်ပြူးသွားပါသတဲ့။

“ဟာ . . . ဟုတ်လား အဘ၊ ကျွ ကျွန်တော် ကံကောင်းလို့ပေါ့နော်”

“အေးပေါ့ကွယ်၊ သူတော်ကောင်းလေးဆိုတော့ တို့လိုနတ်ကောင်းနတ်မြတ်တွေက ကြည့်မနေနိုင်ဘူးပေါ့”

အဘိုးအိုဟာ ဒီလိုပြောပြီး မောင်ကံရဲ့အိတ်နဲ့ သူ့အိတ်လဲပြီး အဝေးကိုထွက်သွားသတဲ့။

မောင်ကံလည်း အဘိုးအိုထားခဲ့တဲ့အိတ်ကို ဆွဲလို့ ဦးလူဝရဲ့အိမ်ကို လှမ်းခဲ့ပါသတဲ့။

“ဟင် မောင်ကံ . . . မင်း မင်း အိတ်ကို ဖွင့် ဖွင့်မကြည့်ခဲ့ဘူးလားကွ”

မောင်ကံက အမှန်အတိုင်းဖြေသတဲ့။

“ဟုတ်တယ် ဦးကြီးလူဝ . . . ကျွန်တော် ဖွင့်မကြည့်ခဲ့ဘူး။ ဦးဂျမားကလည်း ဖွင့်မကြည့်နဲ့လို့ မှာလိုက်တယ်၊ ဦးကြီးလူဝရဲ့ပစ္စည်းဟာ တန်ဖိုးကြီးပစ္စည်းလို့ ပြောတယ်နော်၊ ဒီတော့ ဦးလူဝဘာသာပဲ ဖွင့်ကြည့်ပေတော့”

---

ရွှေသောကာစာပေ

---

www.burmeseclassic.com

www.burmeseclassic.com



မောင်ကံက ဒီလိုပြောပြီး အိတ်ကို ဦးလူဝရှေ့ကို တိုးပေးလိုက်သတဲ့။

"ငါ ငါ မဖွင့်ရဲဘူး မောင်ကံ ... မင်းဘာသာဖွင့်"

"ကောင်းပြီလေ ... ကျွန်တော်ဖွင့်ကြည့်လို့ အထဲမှာ ဘာတွေ့ခဲ့ တွေ့ခဲ့ ဦးလူဝနဲ့ မဆိုင်တော့ဘူးနော်"

မောင်ကံက အပိုင်ချည်ပြီး တုတ်ပြီးပြောလိုက်သတဲ့။

ဦးလူဝကလည်း ဒီအိတ်ထဲမှာ ဘာရှိနေတာကို ကြိုသိပြီးသူမို့ ရဲရဲပဲ ခွင့်ပြုလိုက်သတဲ့။

"ကိုင်း ... ဒါဖြင့် ကျုပ်ဖွင့်ပြီနော်"

"ဟာ ... ရွှေ ရွှေတွေ ... ဒါ ဒါ ဘယ်လိုဖြစ်ရတာလဲ"

"ကဲ ဦးကြီးလူဝ ... ကတိအတိုင်းပဲ ဒီရွှေအိတ်ဟာ ကျွန်တော်နဲ့ဆိုင်ပြီ၊ ဒီတော့ ကျွန်တော်ယူသွားပြီ"

သူဌေးဦးလူဝဟာ သူ့နဖူးသူရိုက်ပြီး တုန်လှုပ်စွာကျန်ခဲ့သတဲ့။

တကယ်တော့ မောင်ကံကို သေစေချင်တဲ့ဆန္ဒနဲ့ ဦးဂျမားကို မြှောက်ပေးဖမ်းပြီး ထည့်ခိုင်းခဲ့တာပဲ။

ဒါပေမဲ့ မောင်ကံက သူ့နာမည်နဲ့လိုက်အောင်ပင် ကံကောင်းသွားခဲ့ချေပြီတည်း။ ဦးလူဝ ဘာမှမတတ်နိုင်သော့။

---

ရွှေကောလာ

www.burmeseclassic.com

www.burmeseclassic.com



ညီ၊ ညီမလေးတို့ရေ ...

သူတော်ကောင်းစိတ်နဲ့ သူတစ်ပါးကို ကူညီတတ်သူဟာ အသက်တော့မဆို ကောင်းကျိုးကိုသာ ခံစားရသတဲ့ကွယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# နှုတ်ခွန်းချို လျှိုတစ်ပါး



www.burmeseclassic.com

www.burmeseclassic.com

## နှုတ်ခွန်းချို လှူတစ်ပါး

ညီး၊ ညီမလေးတို့ရေ ...

တစ်ခါတုန်းက ရွာတစ်ရွာမှာ မောင်ကံကောင်းနဲ့ မောင် သံချောင်းဆိုတဲ့ သူငယ်ချင်းနှစ်ယောက် ရှိကြသတဲ့။

သူငယ်ချင်းနှစ်ယောက်ဟာ ရွာဦးက ဆရာတော် ကျောင်းကြီးမှာ စာပေပညာသင်ကြားနေကြပေမယ့် ကံကောင်းက ဝိမ္မာရေးခြားရှိခဲ့ပေမယ့်လို့ သံချောင်းကတော့ ရှုန့်ရင်းကြမ်း တမ်းလို့ ဆရာတော်ကြီးက မကြာခဏ ကြိမ်လုံးနဲ့ရိုက်ပြီး ဆုံးမ ရသတဲ့။

တကယ်တော့ ကံကောင်းမိဘများက တောင်သူ မ ... များ ဆင်းရဲသားတွေဆိုတော့ ကံကောင်းကို အစစ ... ကို



www.burmeseclassic.com

www.burmeseclassic.com



နားလည်ပြီး လိမ္မာရေးခြားရှိအောင် ဆုံးမထားကြသတဲ့။

"ဒီမှာ သား မောင်ကံကောင်း ... အဖေတို့ဟာ ဆင်းရဲ ပေမယ့် တစ်ပါးသူ စိတ်ဆင်းရဲအောင်, ဒုက္ခရောက်အောင် ဘယ်တော့မှ မပြောဆို မပြုလုပ်ရဘူးကွဲ့၊ ဘယ်အရာမဆို ကိုယ် စိတ် နှုတ် သုံးပါးစလုံးကို သည်းခံစောင့်ထိန်းပြီး ပြောဆို နေထိုင်ရမယ်ကွဲ့"

ဒီ ကံကောင်းမိဘများက အမြဲတစေ ဤသို့ဆုံးမလေ့ရှိ ခဲ့တာကြောင့် ကံကောင်းဟာ မိဘစကားနားထောင်ကာ လိမ္မာ ရေးခြားရှိခဲ့သတဲ့။

သံချောင်းရဲ့မိဘများမှာ ငွေကြေးဥစ္စာ ချမ်းသာကြ သလောက် အရာရာမှာ မောက်မာကြမ်းတမ်းပြီး သားဖြစ်သူကို လည်း အင်မတန်မှ အလိုလိုက်ထားကြသတဲ့။

"လောကကြီးမှာ ကြီးပွားချမ်းသာဖို့က အဓိကပဲ သံ ချောင်း၊ ကိုယ်ကောင်းစားမှ ကိုယ့်ဘဝ သာသာယာယာ နေနိုင် မှာကွ"

သံချောင်းဟာ မိခင် ဖခင်တို့ရဲ့ တလွဲဆံပင်ကောင်းမှု တွေကြောင့် သူငယ်ချင်းအပေါင်းအသင်းများသာမက လူကြီး သူမများကိုပင် ရှိသေလေးစားမှု မဲ့ခဲ့လေသတဲ့ကွယ်။

သူငယ်ချင်းများ ကစားကြတဲ့အခါ သံချောင်းဟာ အမြဲ



www.burmeseclassic.com

www.burmeseclassic.com



ဆဲဆိုလို့ ကြိမ်းမောင်းသတဲ့။

"ဟဲ့ ဟဲ့ သံချောင်း ... နင် စည်းမဲ့နိုးနဲ့လေဟာယ်"

"မိအေး မိုင်းတာမ ... နင့်လင်ဖြစ်ဖြစ်နေတာလား။ စည်းနိုးတော့ ဘာဖြစ်တုံး"

"အေး ... ဒါဖြင့် နင်နဲ့ မကာစားတော့ဘူး"

"တောက် ... ကောင်မစုတ် ... မကာစားရင် နေပေါ့"

"ကဲဟာ ... လူ့ပါးဝလို့ ကောင်မစုတ်ကများ"

'ခွပ် .. ဒေါင်'

"အား အီး ... အမေရေ သံချောင်း ခဲနဲ့ပေါက်တယ် တော့"

သံချောင်းက ဆဲဆိုကြမ်းတမ်းရုံမျှမက လက်လွတ်စ ပယ်လည်း အမြဲလုပ်သတဲ့။

ဒါကို မောင်ကံကောင်းက အမြဲပဲ ဆုံးမပေးခဲ့ရသတဲ့ ယ်"

"သံချောင်းရာ ... ကစားဖော်အချင်းချင်း ဒီလိုမပြော၊ ပိုမလုပ်ပါနဲ့ကွာ၊ နှုတ်ကြမ်း အာကြမ်းရင် အေးဈေး တတ်ယ်တဲ့ကွ ... ငါ့အဖေ ပြောဖူးတယ်"

"သွားစမ်းပါ ကံကောင်းရာ ... အပိုတွေ လာပြောမနေ ပါနဲ့ကွာ၊ ဒီကောင်မတွေ အဲဒီလိုပြောမှ တန်ကာကျမှာကွ"



www.burmeseclassic.com

www.burmeseclassic.com



မှတ်ထား ...နောက်ဆို ဒီထက်ဆိုးမယ်မှတ်''

သံချောင်းဟာ ဘယ်လိုမှ ပြောဆိုလို့ မရတဲ့အပြ
တစ်နေ့ထက်တစ်နေ့ ပိုပိုပြီး ဆိုးလာတော့သတဲ့။

သူငယ်ချင်းမောင်ကံကောင်းက အနီးကပ်ဆုံးမ,ခဲ့ေ
မယ့် နားမဝင်ခဲ့လေဘူးတဲ့ကွယ်။

ဒီလိုနဲ့ တစ်နေ့မှာတော့ သူငယ်ချင်းနှစ်ယောက်ဟ
လောက်လေးကိုယ်စီနဲ့ ငှက်ပစ်ဖို့ တောထဲထွက်ခဲ့ကြသတဲ့။

ငှက်ပစ်လိုက်၊ တောတိုးလိုက်နဲ့ ကြာတော့ တောနက်ထဲ
ရောက်မှန်းမသိ ရောက်ခဲ့ကြသတဲ့။

''သံချောင်းရေ ...ငါတို့တော့ တောနက်ထဲကို ထ
ဖြည်းဖြည်း ရောက်လာပြီကွ၊ ရွာအပြန်လမ်းတောင်မှ မမှတ်မိ
တော့ဘူး''

''တောက် ...ခွေးတဲ့မှကွာ၊ မင်း စကားများတာ
ဒီမှာ တောကြက်ကြီး ထွက်ပြေးသွားပြီကွ၊ မင်းက သောက်စကာ
ကို များတယ်''

''ဟာ ဟော့ကောင် သံချောင်း ...ဒါ တောထဲက
တောနက်ထဲမှာ မဆဲဆိုရဘူးကွ၊ တောစောင့်နတ်တွေက နည်
နည်းမှ ဆဲဆိုတာ မကြိုက်ဘူး''

ကံကောင်းက သူသိတာတ်သမျှ ပြောတော့ သံချော

---

ရွှေကားစာပေ

www.burmeseclassic.com

www.burmeseclassic.com



တာ ဒေါသတောင် ပိုပြီးထွက်သွားသတဲ့။

"ချီးမှပဲ ... ကြကြဲဖန်ဖန်ကွာ၊ တောထဲမှာ တော အောင်ကလွဲပြီး ဘာရှိရဦးမှာလဲ၊ ရှိတော့ရော သံချောင်းက ရှေ့စိုက်နေရမှာလား"

သံချောင်းဟာ ဒီလိုပြောလိုက်တာနဲ့တင် လေတွေ မိုး တွေကျပြီး တစ်တောလုံး မှောင်အတိကို ကျသွားပါတော့သတဲ့။

'ဝုန်း .. ဝေါ .. ဝုန်း'

"ဟာ ... မိုးတွေ လေတွေ ကျလာပြီကွ ..., ဒုက္ခပဲ"

သူတို့နှစ်ယောက်ဟာ မိုးလေလွတ်ရာ ညောင်ပင်ကြီး အောက်ကို ပြေးဝင်ခဲ့ကြသတဲ့။

"သံချောင်း ... အဲဒါ တောစောင့်နတ်တွေ မကြိုက်လို့ အက်တွေ့ မင်းကို ပြတာကွ ... တောင်းပန်လိုက်ကွာ တောင်း ပန်လိုက်"

"ဟာကွာ ကံကောင်း ... ဒီမှာ မိုးစိုလို့ စိတ်ညစ်ရတဲ့ ကြားထဲကွာ၊ မင်းပြောတဲ့ဟာတွေ ရှိလည်းမရှိဘူး၊ သိလည်း မသိဘူး၊ သံချောင်းသိတာ တစ်ခုပဲ ... တောထဲလာတယ်၊ မှတ်ပစ်မယ်၊ တောကြက်ပစ်မယ် ...ဒါပဲ"

သူ့စကားဆုံးတာနဲ့ လေပြင်းမတိုက်ဘဲ ညောင်ကိုင်းကြီး ဟာ ဝုန်းဆို သံချောင်းကိုယ်ပေါ် ပြုတ်ကျပါရောတဲ့။

---



www.burmeseclassic.com

www.burmeseclassic.com



'ဝုန်း ..ဝေါ ..ဝုန်း'

"အား ...သေပါပြီဗျ"

သံချောင်းဟာ သစ်ကိုင်းကြီးပိပြီး မေ့မြောလို့သွား
သတဲ့။

"ဟာ ...သံချောင်း သံချောင်း ...ဒီကောင်ကြေ
တော့ ဒုက္ခရောက်တော့မှာပါလား။ တောစောင့်နတ်မင်းကြီး
ကို ငါ သူ့အစား တောင်းပန်မှုပါ"

"တောစောင့်နတ်မင်းကြီးတို့ရယ် ...ကျွန်တော့်သူငယ်
ချင်း အမိုက်အမဲအတွက် ကျွန်တော်ကပဲ သူ့ကိုယ်စား တော
ပန်ပါတယ်ခင်ဗျာ၊ အစစအရာရာ ပြောမှားဆိုမှားအတွက်
လွှတ်ပေးတော်မူပါ, သည်းခံပေးတော်မူပါ ခင်ဗျား ရှာသွန်း
သော မိုးနဲ့ မှောင်မိုက်နေသော တိမ်တိုက်များကိုလည်း ဖယ်ရှ
ပေးတော်မူပါ ခင်ဗျား"

မောင်ကံကောင်းက သူငယ်ချင်းဖြစ်သူအတွက် တော
ပန်စကား ပြောကြားလိုက်တယ်ဆိုရင်ပဲ ရှာသွန်းနေတဲ့မိုး
ချက်ချင်းဆိုသလို ရပ်ဆိုင်းသွားပြီး မည်းမှောင်နေတဲ့ တိမ်တို
များကလည်း ကြည်လင်သွားတာမို့ တောထဲမှာ ချက်ချင်း လ
ရှင်းသွားတော့သတဲ့။

ဒီတော့မှ မောင်ကံကောင်းက မေ့မြောနေတဲ့ သံချော



www.burmeseclassic.com

www.burmeseclassic.com



တို သတိရအောင် မြှုစုပြီး ရှာကိုခေါ်ခဲ့ရသတဲ့ကွယ်။

အဲဒီအချိန်ကစလို့ မောင်သံချောင်းဟာ သူ့အမှား သူ သိပြီး ရှန်းရင်းကြမ်းတမ်းသောစကားကို လုံးဝမ မပြောကြား တော့ဘဲ သူငယ်ချင်း မောင်ကံကောင်းလို ယဉ်ကျေးပျူငှာသော စကားကိုသာ ပြောဆိုခဲ့ပါတော့သတဲ့ကွယ်။

ညီ၊ ညီမလေးတို့ရေ ...

အင်မတန်ကြမ်းတမ်းတဲ့ သံချောင်းဟာ လိမ္မာရေးခြား ရှိလာတာဟာ မောင်ကံကောင်းရဲ့ နှုတ်ချို လျှိုတစ်ပါးဆိုသကဲ့သို့ အပြောအဆို လိမ္မာယဉ်ကျေးမှုကို အတုယူပြီး ပြောင်းလဲခဲ့မှု ကြောင့်ပဲပေါ့ကွယ်။

မောင်ကံကောင်းရဲ့ ချိုသာပြေပြစ်တဲ့ တောင်းပန်မှု ကြောင့်သာ သူတို့နှစ်ယောက် အသက်ဘေးက လွတ်ခဲ့ရတယ် ဆိုတာကိုလည်း သိသွားပါသတဲ့။

ဒါကြောင့် ညီ၊ ညီမလေးတို့လည်း လိမ္မာယဉ်ကျေးတဲ့ နှုတ်ထွက်စကားကိုသာ ပြောဆိုတတ်ကြပါစေ။

✿ ✿ ✿

---

ရွှေစကားဘေ

---

www.burmeseclassic.com

www.burmeseclassic.com

# စည်းလုံးခြင်းသည်အင်အား




www.burmeseclassic.com

www.burmeseclassic.com

## စည်းလုံးခြင်းသည် အင်အား

ညီ၊ ညီမလေးတို့ရေ ...

တစ်ခါက မွေးမြူရေးခြံကြီးတစ်ခြံထဲမှာ မြင်းမိသားစုရယ်၊ နွားမိသားစုရယ်၊ ခွေးမိသားရယ်ကို ခြံပိုင်ရှင်က အတူတကွနဲ့ ထည့်သွင်းမွေးမြူထားပါသတဲ့။

ခြံပိုင်ရှင်ဟာ မြင်းကို ခရီးဝေးသွားတဲ့အခါမှာ အသုံးပြုသတဲ့။

"မောင်သီဟရေ ... ငါ တောင်ဘက်ရွာကို ကြွေသွားတောင်းဖို့ မြင်းကုန်းနှီးဆင်ပေးပါဦးကွ"

"ဟုတ်ကဲ့ ဦးကြီး"

"မောင်သီဟရေ ... မြင်းစီးပြီး ဟိုဘက်ရွာကို ပိုက်ဆံ



www.burmeseclassic.com

www.burmeseclassic.com



သွားပေးလိုက်ပါဦးကွ''

"ဟုတ်ကဲ့ ဦးကြီး''

ခြံရှင်က မြင်းအား အသုံးပြုမှုများလာတဲ့အခါမှာ မြင်းမရဲ့ စိတ်ထဲက ဤသို့ တွေးသတဲ့။

"အင်း ... ဒီခြံထဲမှာရှိတဲ့ သတ္တဝါတွေထဲမှာ ငါ့ ယောက်ျားမြင်းထီးက အသုံးအဝင်ဆုံးပါလား၊ သားတို့ သမီးတို့ ရေ ... နွားမရဲ့ သားတွေ သမီးတွေနဲ့ ခွေးမရဲ့သားတွေ သမီး တွေကို အရောမဝင်လေနဲ့၊ အတူတူ မဆော့ကြနဲ့ ... ကြား လား''

"ဟုတ်ကဲ့ အမေ''

ကလေးတွေက မြင်းမေမေကြီးပြောသလို နေထိုင်ကြ သတဲ့။

ဒီလိုနဲ့ တစ်နေ့မှာ ခြံရှင်က ခြံထဲဆင်းလာပြီး ...

"မောင်သီဟရေ ... နွားမကြီးကို နို့ညှစ်ဖို့ ပြင်ပါဦး ဟေ့၊ ပြီးရင် နွားလှည်းပါ အသင့်ပြင်ထားပေးဦး''

"ဟုတ်ကဲ့ ဦးကြီး''

ဒီလို ခြံရှင်ကပြောတော့ နွားမဟာ စိတ်ကြီးဝင်လာပြီး လေရောတဲ့။

ပြီးတော့ သူ့သားသမီးတွေကို ဒီလိုမှာသတဲ့။

ရွှေကလေးစာပေ

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဒီခြံမှာ မြင်းမိသားစု အရေးပါတာ ဘာ ဟုတ်သေးလို့လဲ၊ ငါတို့နွားတွေကမှ အစစ အသုံးဝင်တာ၊ သားတို့ သမီးတို့ရေ ... ခြံထဲက မြင်းမရဲ့ သားသမီးတွေနဲ့ ခွေးမ သား သမီးတွေကို အရောမဝင်နဲ့၊ အတူမကစားကြနဲ့နော်"

"ဟုတ်ကဲ့ အမေ"

ကလေးတွေကလည်း မိခင်နွားမကြီးပြောသလို နေထိုင် လာခဲ့ပါသတဲ့။

ဒီလိုနဲ့ တစ်နေ့မှာလည်း ခြံရှင်က ခြံထဲရောက်လာကာ ...

"မောင်သီဟရေ ... ငါ တောထဲသွားမယ်၊ တောလိုက် ဖို့ ခွေးမဲလုံးကို အဆင်သင့် ခြံပြင်ထုတ်ထားစမ်း၊ ပြီးတော့ ညကျရင် ခွေးမ မိကျားကို လွှတ်ထားစမ်း၊ ဒီရက်ထဲ သူခိုးတွေ ထနေတယ်ကွ"

"ဟုတ်ကဲ့ ဦးကြီး"

ဒီလိုစကားသံတွေဟာ ခွေးမအတွက် စိတ်ကြီးဝင်စရာ ဖြစ်ခဲ့ပါသတဲ့။

"အင်း ... ဒီခြံမှာ မြင်းမိသားစုနဲ့ နွားမိသားစု အရာ ရောက်တယ်ဆိုတာ ဘာဟုတ်သေးလဲ၊ ငါ့မိသားစုကမှ တကယ် အရာရောက်တာပါလား"



www.burmeseclassic.com

www.burmeseclassic.com



သားသမီးတွေကိုလည်း ဒီလိုမှာကြားပါသတဲ့ကွယ်။

"ဟေ့ သားတို့သမီးတို့ ... ဒီခြံမှာ အမေတို့မိသားစုဟာ သခင့်အတွက် အရေးအပါဆုံးပဲ၊ ဒီတော့ နွားမသားသမီးတွေနဲ့ မြင်းမသားသမီးတွေကို အရောမဝင်ကြနဲ့၊ အတူမဆော့ကြနဲ့ ... ကြားကြလား"

"ဟုတ်ကဲ့ အမေ"

ဒီလိုနဲ့ ခြံထဲမှာရှိတဲ့ နွား၊ မြင်း၊ ခွေးတို့ဟာ မာနတွေကိုယ်စီနဲ့ အချင်းချင်း မခေါ်မပြော မသင့်မတင့်ဖြစ်ခဲ့ကြတော့သတဲ့။

ဒီလိုနေလာကြရင်း တစ်နေ့မှာတော့ သူတို့ခြံထဲကို ကျားဆိုးတစ်ကောင် ဝင်ကာ သောင်းကျန်းပါလေရောတဲ့။

ပထမညမှာ မြင်းပေါက်တစ်ကောင် ပါသွားပါသတဲ့။

ဒုတိယညကျတော့ နွားပေါက်တစ်ကောင် ပါသွားပြန်သတဲ့။

တတိယညမှာလည်း ခွေးပေါက်လေးနှစ်ကောင် ပါသွားသတဲ့။

ခြံပိုင်ရှင်ဟာ ကျားဆိုးရန်ကြောင့် အင်မတန်မှ စိတ်ညစ်ကောင်းခြင်းကြီးစွာ ဖြစ်နေပါသတဲ့။

"တောက် ... ဒုက္ခပါပဲ၊ ကုန်ပါပြီကွာ ... ငါ့ရဲ့နွား



www.burmeseclassic.com

www.burmeseclassic.com



တွေ့၊ မြင်းတွေ၊ ဒီကျားရန်နဲ့ မျိုးပြုတ်တော့မှာပဲ"

ခြံပိုင်ရှင်က စိတ်ပျက်ငြီးငြူနေသလို ခြံထဲမှာရှိတဲ့ မြင်းတွေ၊ နွားတွေ၊ ခွေးတွေဟာလည်း အချင်းချင်း ဒီလိုတိုင်ပင်မိကြသတဲ့။

"တို့တွေ တစ်ချိန်က လွဲမှားတဲ့မာနတွေထားပြီး တစ်ဦးနဲ့တစ်ဦး ချစ်ကြည်မှုမရှိ၊ မစည်းလုံးခဲ့ကြလို့သာ ကျားဆိုးပြဿနာကို ခံခဲ့ကြရတာ၊ ဒီနေ့ကစလို့ စည်းစည်းလုံးလုံး ချစ်ချစ်ခင်ခင်နေပြီး ကျားဆိုးကို တိုက်ထုတ်ကြစို့"

"သိပ်ကောင်းတဲ့ အစီအစဉ်ပဲဟေ့"

မိသားစုသုံးစုတို့ဟာ တစ်ဦးရဲ့အကြံစကားကို ခေါင်းညိတ်ထောက်ခံလို့ ကျားဆိုးကို နှိမ်နင်းဖို့ သဘောတူခဲ့ကြလေသတဲ့။

ဒီလိုနဲ့ ညရောက်တော့ ကျားဆိုးဟာ ခြံထဲကို ဝင်လာပြန်သတဲ့။

"ဟော . . . ကျားဆိုးလာပြီဖေ့၊ ဝိုင်းပြီး တွယ်လိုက်ကြစို့ဟေ့"

'ဝေါင်း'

'ခွပ် ခွပ် . . . ဖောင်း'

'ဂရား ဂါး'

ရွှေကားဘပေ

www.burmeseclassic.com

www.burmeseclassic.com



ကျားရောက်လာတဲ့အခါမှာ ...

နွားက ချိုနဲ့ခွေ့သလို မြင်းက ခြေထောက်နဲ့ကန်သတဲ့။ ခွေးက ကျားရဲ့ခြေလှမ်းတွေကို တအား ဝင်ကိုက်တဲ့အခါမှာ ကျားကြီးဟာ သေသွားပါလေရော။

ဒီအခါ ခြံပိုင်ရှင်ဟာ အလွန်ဝမ်းသာပီတိဖြစ်လို့သွားပြီး ဒီလိုပြောသတဲ့ကွယ်။

"ဟား ... ကျားဆိုးကြီးရဲ့ရန်ကတော့ ချုပ်ငြိမ်းသွားပြီ၊ ငါမွေးထားတဲ့ တိရစ္ဆာန်တွေဟာ တိရစ္ဆာန်တွေဆိုပေမယ့် အင်မတန် စည်းလုံးညီညွတ်ကြပါလား။ ဒါဟာ ငါ့အတွက် သင်ခန်းစာယူရမယ်'

ခြံရှင်ဟာ အင်မတန် ဝမ်းမြောက်ဝမ်းသာနဲ့ ဆုံးဖြတ်ချက်ကို ချလိုက်ပါသတဲ့။

ကျားရန်ကင်းဝေးသွားတဲ့အချိန်ကစပြီး နွား၊ မြင်းနဲ့ ခွေးမိသားစုများတို့ဟာ တစ်ကောင်နဲ့တစ်ကောင် မျိုးမတူသော်လည်း ချစ်ချစ်ခင်ခင်နဲ့ ခြံထဲမှာ ဆော့ကစားလို့ နေသွားသတဲ့ကွယ်။

ညီ၊ ညီမလေးတို့ရေ ...

လောကမှာ တစ်ဦးနဲ့တစ်ဦး မသင့်မမြတ်နဲ့ နေကြခြင်းထက် ချစ်ချစ်ခင်ခင်နေကြခြင်းက အင်မတန်မှ ကောင်းမြတ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



စည်းလုံးခြင်းရဲ့အင်အားကိုလည်း ရရှိစေပါသတဲ့ကွယ်။

ညီ၊ ညီမလေးတို့လည်း စည်းလုံးစွာနဲ့ နေထိုင်ကြမေ့ ကွယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# ယုံသင့်မှယုံ



www.burmeseclassic.com

www.burmeseclassic.com

## ယုံသင့်မှယုံ

ညီ၊ ညီမလေးတို့ရေ ...

တစ်ခါတုန်းက မြိုင်မဟာတောအုပ်ကြီးအတွင်းမှာ သံ့ကြီးညိုတွားနဲ့ ကျားကြီးဖိုးဝါတို့ဟာ အင်မတန်ချစ်ကြတဲ့ ငယ်ချင်းတွေ ဖြစ်ကြသတဲ့။

သွားအတူ စားအတူ တောလည်အစာရှာတော့လည်း တွေ့တာကွ ရှာစားကြသတဲ့။

"ဟော့ကောင်ညိုတွား ... ဒီနေ့ စမ်းချောင်းအောက် ကို သွားပြီး အစာရှာရအောင်ကွာ၊ အဲဒီမှာ တောဝက်တွေ ပိပြီးပေါတာပဲကွ"

"အေး ဖိုးဝါ ... မင်းကိုလည်း ငါ မပြောမနဲ့ကွ၊

www.burmeseclassic.com

www.burmeseclassic.com



ဂျိုသား, သမင်သားတွေက စားရတာ ရိုးအီနေပြီ တောဝက်သား စိုစိုလေးပဲ စားချင်တယ်ကွာ''

''အေး ... ဒါဆို ငါတို့ အကြိုက်တူပြီ၊ သွားကြစို့''

'ဝေါင်း'

'ဂရား'

ခြင်္သေ့နဲ့ကျားဟာ တစ်ကောင်နဲ့တစ်ကောင်လည်း သာတူညီမျှနဲ့ ခွဲဝေစားသောက်ကြသတဲ့။

''ရော့ ညီတွား ... ဒီအသားပိုင်း မင်းစားလိုက်''

''ဟ ... ငါ့ကိုကျွေးတော့ မင်းက ဘာစားမှာလဲ''

''ငါက အသားစားပြီးပြီလေ၊ ခေါင်းကိုက်တော့မှာပေါ့ ကွာ၊ ကဲ ကဲ ... စားလိုက်၊ ပြီးရင် တစ်ရေးတစ်မော အိပ်ကြစို့''

''အေး ... ကောင်းသားပဲကွ''

ဒီလိုနဲ့ တောဘုရင်နှစ်ကောင် ချစ်ကြည်စွာနဲ့ နေလာခဲ့ရာက တစ်နေ့မှာတော့ တောပြောင်းလာတဲ့ မြေခွေးကောက်ကြီး ဆိုက်မြိုက်စွာနဲ့ သူတို့ဆီရောက်လာကာ နေထိုင်ခွင့် တောင်းပါသတဲ့။

''ပိုင်း ... တွေ့ရတာ ဝမ်းသာပါတယ်ဗျာ၊ ကျွန်တော်က တောပြောင်းလာတဲ့ ကောက်ကြီးပါဗျာ၊ ကိုကြီးညီနွားနဲ့ ကိုကြီးဖိုးဝါတို့ ကျွန်တော့်ကို ဒီမှာနေခွင့်ပြုပါဗျာ''



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ . . . နေပေါ့၊ ဒီမှာနေရင် တို့စားသလို စားရမှာပေါ့"

သဘောကောင်းလှတဲ့ ကျားနဲ့ခြသေ့ဟာ မြေခွေးကို သူတို့နဲ့နေခွင့်ပြုရုံသာမကဘဲ သူတို့ရှာဖွေဖမ်းဆီးလို့ ရသမျှ သောသားကောင်တို့ကို ကျွေးမွေးသတဲ့။

မြေခွေးဖိုးကောက်ကြီးဟာ မစားဖူးတဲ့ အဆီအဆိမ့် တွေကိုစားပြီး တစ်နေ့ တစ်နေ့ အဆီရစ်နေပါတော့သတဲ့။

"အားပါးပါး . . . ဝေါဝက်သားက အဆီတစ်ထပ် အသားတစ်ထပ်နဲ့ တယ်ပြီး အရသာနဲ့ပြည့်စုံတာပါလား၊ အင်း . . . ငါ့ဘဝ ငါ့ဘဝ တယ်ပြီးပြည့်စုံနေပါပေါ့လား"

ဒီလိုနေလာတဲ့ မြေခွေးကောက်ကြီးဟာ တစ်နေ့မှာ ဒီလိုမျိုးတွေးမိလေသတဲ့ကွယ်။

"အင်း . . . ငါဟာ ဘာလိုလို့နဲ့ ဒီတောကြီးကိုရောက်မှ ငါမစားဖူးတဲ့ အသားရယ်လို့ မရှိတော့ဘူး။ အင်း . . . ဒါနဲ့ ကျားသားနဲ့ ခြသေ့သားကိုတော့ ငါ မစားဖူးသေးပါလား။ ဒီနှစ် ကောင်ရဲ့အသားကို ငါ စားရအောင်ကြံမှပဲ . . ."

သူတို့ဟာ ငါ့ထက် ခွန်အားကြီးတော့ ငါ့အနေနဲ့ တိုက် ခိုက်သတ်ဖြတ်စားဖို့ဆိုတာ မဖြစ်နိုင်ဘူး။ ဒီတော့ကာ သူတို့နှစ် ကောင် တစ်ကောင်နဲ့တစ်ကောင် သတ်ဖြတ်ကြအောင် ရန်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ပေးပြီး သေကုန်ကြတော့မှ အဆင်သင့်စားရမယ်''

မြေခွေးဖိုးကောက်ကြီးဟာ ကျားနဲ့ခြင်္သေ့တို့ရဲ့ နေ့စဉ်ရှာဖွေကျွေးမွေးလေတဲ့ ကျေးဇူးကိုမှပင် မထောက်ထားဘဲ မိုက်မဲစွာ တွေးကြံသတဲ့။

သူ ကြံစည်ခဲ့သလိုပဲ လက်တွေ့မှာ ကျားနဲ့ ခြင်္သေ့တို့ အသေအကျေ တိုက်ခိုက်ကြအောင် မလိုတမာကုန်းချောစကားကို ဆိုပါသတဲ့။

မြေခွေးဖိုးကောက်ကြီးဟာ ခြင်္သေ့မရှိခိုက် ကျားကို ဒီလိုပြောသတဲ့။

''ကိုဖိုးဝါ ... ကိုဖိုးဝါကို ခြင်္သေ့ကြီးကိုညိုထွားက ဒီကောင် အဖြစ်ရှိတဲ့ကောင် မဟုတ်ဘူးတဲ့ဗျ။ သူ့လောက်လည်း ခွန်အားမရှိဘူးတဲ့၊ တစ်နေ့ကျ ကိုဖိုးဝါကို အသေအကျေ ကိုက်သတ်ပြမယ်တဲ့''

''ဘာ ဘာကွ ... ဒီကောင်က ဒီလိုပဲ ပြောသလားကွ ... ငါနဲ့တွေ့ကြသေးတာပေါ့ကွာ''

ခြင်္သေ့ဆီ ရောက်ပြန်တော့လည်း ကျားကြီးဖိုးဝါရဲ့ မကောင်းကြောင်းကို ကုန်းစကားနဲ့ ပြောပါသတဲ့။

''ကိုညိုထွားကို ကိုဖိုးဝါက ဒီလိုပြောတယ်ဗျ ... ကိုညိုထွားဟာ ဝိတ်ပေါကြီးတဲ့၊ အလကားကောင်တဲ့၊ တစ်နေ့မှာ



www.burmeseclassic.com

www.burmeseclassic.com



ကိုညို့ထွားကို ကိုက်သတ်ပြီးစားပြမယ်တဲ့ဗျာ"

"ဟေ့လကျွာ ... ဒီကောင်က ဒီအတိုင်းပဲ ပြောသလားအေး၊ တောက် ... တွေ့ကြသေးတာပေါ့ကွာ"

ဒီလိုနဲ့ တစ်နေ့တော့ ခြင်္သေ့နဲ့ကျားဟာ မြေခွေးစကားကို မဆင်မခြင်ယုံပြီး တစ်ကောင်နဲ့တစ်ကောင် သဲသဲမဲမဲကိုက်ဖြတ်ကြတော့သတဲ့။

"တောက် ... မင်းလားကွ ငါ့ကိုပြောတာ"

"ဝေါင်း ... မင်းလားကွ ငါ့ကို သတ်ဖို့ပြောတာ"

"ဝေါင်း .. ဂရား ဝေါင်း .. ဂရား"

ကျားနဲ့ခြင်္သေ့ဟာ အကြီးအကျယ် ကိုက်ဖြတ်နေကြတာကို မြေခွေးက ချုံအကွယ်ကနေပြီး ချောင်းကြည့်နေပါသတဲ့။

"အဟီး ... တိုက်ပွဲကတော့ အရှိန်မြင့်နေပြီကွ၊ မကြာခင်အချိန်မှာ ခြင်္သေ့သားနဲ့ ကျားသားကိုစားပြီး အသီယာစ်မစ်ရမယ်"

အချိန်ကြာလာတာနဲ့အမျှ ခြင်္သေ့နဲ့ကျားဟာ ဒဏ်ရာတိုယ်စီနဲ့ မောပန်းလာကြတော့သတဲ့။

ဒီအခိုက်, ကျားကြီးဖိုးဝါဟာ တိုက်ခိုက်ရင်း ချုံကွယ်နောက်က မြေခွေးဖိုးကောက်ကို တွေ့မြင်လိုက်ပြီး မသေခင် မြဲသွားကာ ဤသို့ တွေးမိလိုက်ပါသတဲ့။

---

ရွှေကောအောင်ဝေ

---

www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . ငါနဲ့ညီုထွားဟာ တစ်သက်လုံး ချစ်ချစ်ခင်ခင် နေခဲ့ကြတာ၊ ဒီကောင်ရောက်လာမှ ပုံစံပြောင်းရတယ်လို့"

ခြသေ့်ညိုထွားကလည်း ကျားကြီးဖိုးဝါလိုပဲ တွေးမိသတဲ့။

"ငါနဲ့ဖိုးဝါက အမြဲ ချစ်ချစ်ခင်ခင်နဲ့ နေခဲ့ကြတာ၊ ဒီလိုပြောတာတော့ မဖြစ်နိုင်လောက်ပါဘူး။ ဒီကောင် မြေခွေး ကောက်ကြီး လီဆယ်ကုန်းချောတာပဲ ဖြစ်ရမယ်"

အဲဒီလိုစဉ်းစားမိတာနဲ့ နှစ်ကောင်သား သတ်ဖြတ်နေကြခြင်းကိုရပ်ကာ ဒီလိုတိုင်ပင်သတဲ့။

"ညိုထွား . . . ငါတို့ဟာ အရင်က ချစ်ချစ်ခင်ခင်နဲ့ နေခဲ့ကြတာကွ၊ ဒီကောင် ငါတို့ကို ကုန်းစကားနဲ့ ချောက်ချတာ ခုလည်း ငါတို့ သတ်ဖြတ်နေတာ, ကိုက်နေတာကို ချုံကွယ်က စောင့်ကြည့်နေလေရဲ့၊ ဒီတော့ တို့ကို မလိုတမာနဲ့ ကုန်းစကား ပြောတဲ့ ဒီကောင့်ကိုပဲ ကိုက်သတ်ပြီး အတူစားလိုက်ကြပါစို့လား"

ကျားနဲ့ခြသေ့်တို့ဟာ တိုင်ပင်ဆုံးဖြတ်ပြီးတာနဲ့ ချုံကွယ်မှာ ပုန်းအောင်းနေတဲ့ မြေခွေးကိုကိုက်သတ်ပြီး စားလိုက်တော့သတဲ့။

ညီ၊ ညီမလေးတို့ရေ . . .

ကုန်းချောစကားဆိုတာ ယုံသင့်မှ ယုံရတဲ့စကားပဲကွယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘျားနဲ့ခြသေ့်ဟာ မြေခွေးရဲ့ ကောက်ကျစ်လှတဲ့ ကုန်းချော တားနဲ့ သေကျေကြတော့မယ့်ဆဲဆဲမှာ ဆင်ခြင်သုံးသပ်ခဲ့ကြလို့ သာ အသက်မသေခဲ့ကြခြင်း ဖြစ်သတဲ့။

ဒီလိုပဲ မြေခွေးဟာလည်း ကုန်းချောစကားဆိုခဲ့မိလို့သာ သူ့အသက် ဆုံးခဲ့ရခြင်းဆိုတော့ ညီ၊ ညီမလေးတို့လည်း ဥပမာ ယူပြီး ကုန်းချောစကားမျိုး ကင်းနိုင်ကြပါစေကွယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

၃

# ပဲကြီးလှော်နဲ့ ယပ်ခတ်ရှစ်ပါး



www.burmeseclassic.com

www.burmeseclassic.com

## ပဲကြီးလှော်နဲ့ ယပ်ပစ်ရှစ်ပါး

ညီ၊ ညီမလေးတို့ရေ ...

တစ်ခါတုန်းက ရွာတစ်ရွာမှာ ချစ်သူရည်းစားနှစ်ယောက် ရှိကြသတဲ့။

သူတို့နှစ်ယောက်ဟာ ရွာလယ်ဗိုင်းမှာရှိတဲ့ ချောင်းကြောင့် တစ်ရွာတည်းချင်းဆိုပေမယ့် အခက်တွေ့နေရပါသတဲ့။

"ကိုပေါက်ရယ် ... ချောင်းကိုဖြတ်ကူးတဲ့အခါ သတိလေး ဘာလေးထားဦးနော်၊ တော်ကြာ ချောင်းထဲ [illegible] အခက်ဖြစ်နေဦးမယ်"

"ငါ့ကို စကားမလွှဲနဲ့ မလှကြည်ရာ၊ ငါ့ကို [illegible] စဉ်းစားပြီးပြီလား"

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... စဉ်းစားပြီးပြီ၊ ဒါပေမဲ့ ရှင် ကျွန်မကို တကယ်ချစ်ရင် ပဲကြီးလှော်ငါးဆယ်သား စားပြရမယ်လေ ... အယ်လိုလဲ"

ကိုပေါက်ဟာ ဝမ်းသာအားရနဲ့ ခေါင်းညိတ်လက်ခံလိုက်ပါသတဲ့။

"ဟား ... ဒါများ မလှကြည်ရာ ... စားပြမယ်"

"ကောင်းပြီလေ ... လာမယ့်လပြည့်ညမှာ ရှင် ပဲကြီးလှော် ငါးဆယ်သား ဝယ်ပြီးလာခဲ့၊ ရှင်စားပြနိုင်တဲ့အခါ ကျွန်မက ချစ်တယ်ဆိုတဲ့ အဖြေပေးမယ်"

ကိုပေါက်ဟာ သူ့ရည်းစားမလှကြည်ပြောတဲ့အတိုင်း ပဲကြီးလှော် ငါးဆယ်သားကို ဈေးကဝယ်ယူလျက် ချစ်သူ မလှကြည်ဆီကို ချီတက်လာခဲ့ပါသတဲ့။

ရွာလယ်ချောင်းကိုအဖြတ်မှာတော့ ခြေချော်ပြီး ပဲလှော်ထုပ်ဟာ ရေထဲကို လွတ်ကျသွားသတဲ့။

"ဟာ ... ပဲလှော်ထုပ်ကျသွားပြီ"

'ဗွမ်း'

"တောက် ... အရေးထဲကျမှကွာ၊ အမြန်ဆယ်မှပဲ"

ကိုပေါက်ဟာ ရေစိုနေပြီဖြစ်တဲ့ ပဲလှော်ထုတ်ကို အမြန် ချင်းပြန်ဆယ်ပြီး မလှကြည်ဆီ ထွက်ခဲ့ပါသတဲ့ကွယ်။

---



www.burmeseclassic.com

www.burmeseclassic.com



မလှကြည်တို့အိမ်နံ့ဘေး ချိန်းတွေ့နေကျနေရာမှာ မလှကြည်ကလည်း အသင့်စောင့်ကြိုလို့နေပါသတဲ့။

ကိုပေါက်က လက်ထဲက ပဲလှော်ထုပ်ကိုပြရင်း ...

“ကဲ မလှကြည် ... ငါ့ကို အဖြေပေးဖို့သာ စဉ်းစားပေတော့၊ ကဲ ... စားပြီဟေ့”

“စားပါရှင် စားပါ ... ကျွန်မကလည်း ကတိတည်စွာနဲ့ပဲ အဖြေပေးမှာပါ”

ပဲလှော်စားပြီးလို့ ကုန်ခါနီးမှာတော့ ကိုပေါက်ရဲ့ဗိုက်ထဲက တဂွိဂွိနဲ့ အော်မြည်လာပါသတဲ့။

‘ဂွိ ဂွိ. ဂေါ် ဂေါ်’

“ဟိုက် ... ပြဿနာတော့ တက်ပြီ ရေရိုပဲလှော်တွေက ငါ့ဗိုက်ပွပြီနဲ့တူတယ်”

‘ဂွိ ဂွိ ...အ အာ’

“ကိုပေါက် ... ရှင့်ဗိုက်ထဲက အော်တယ်၊ ဘာဖြစ်တာလဲတော့”

“မင်းပြောတဲ့ ပဲလှော်စားလို့ပေါ့ကွာ ... အီး အား မလှကြည် ... ငါ ငါ မရတော့ဘူး။ အီးပါချင်လာပြီ”

“တော် ... ရှင်ကတော့ လုပ်ပြီ၊ အမြဲတမ်း လာမျှော်နေချော်နဲ့၊ အိမ်သာကလည်း နီးနီးနားနားမှာ ရှိတော့မယ်မထင်ဘူး”

www.burmeseclassic.com

www.burmeseclassic.com



"လုပ်ပါဦး မလှကြည်ရဲ့ . . . ဒီမှာ ထွက်တော့မယ်ဟ"

"ကဲ . . . တော် ဒါဖြင့် အိမ်အောက်မှာ မောင်းဆုံ အပျက်ကြီး ရှိတယ်၊ အဲဒီထဲသာ ပါချပေတော့"

"အေး အေး"

ကိုပေါက်ဟာ ရည်းစားမလှကြည်ပြောသလိုမျိုး မောင်းဆုံထဲ ပါချလို့ပြီးတော့ ဝုန်းဆို လွှတ်ချလိုက်မိတာကြောင့် အီးတွေက သူ့တစ်ကိုယ်လုံး စင်ကုန်ပါသတဲ့။

"ဟာ . . . ပေကုန်ပြီ၊ တောက် . . . သွားပါပြီကွာ၊ မလှကြည်ရေ လုပ်ပါဦးဟာ . . . ဒီမှာ ငါ့ကို ပေကုန်ပြီဟ"

"ရှင်ကတော့လေ . . . လုပ်လိုက်ရင် တလွဲချည်းပဲ၊ သွား သွား . . . အိမ်ခေါင်းရင်းမှာ အိုးနှစ်လုံးရှိတယ်၊ တစ်လုံးက ရေအိုး၊ တစ်လုံးက စစ်စေးအိုး၊ အိုးချင်းလည်း မှားဦးမယ်"

"အေးပါဟာ အေးပါ"

အရင်လိုနေတဲ့ ကိုပေါက်ဟာ စစ်စေးအိုးနဲ့ရေအိုးကို မှားပြီး စစ်စေးတွေကို ခေါင်းကလောင်းချလိုက်ပါသတဲ့။

"အီးယား . . . လာလေ၊ ဟာ . . . သွားပါပြီ၊ ဒါ . . . စစ်စေးအိုးကြီးပဲ . . . သွားပြီ သွားပြီ၊ မလှကြည်ရေ လုပ်ပါဦးဟ"

"ရှင်ဟာလေ . . . ရှင်လုပ်တာနဲ့ အမေတို့ အမေ . . .

ရွှေကားအသေ

www.burmeseclassic.com



တော့ နိုးကုန်တော့မှာပဲတော်၊ သွား သွား ... အိမ်ပေါ်ကို ခြေသံမကြားအောင်တက်ပြီး ကျော့ကျော့ကြည့်သွားပါချေ"

ကိုပေါက်လည်း အိမ်ပေါ် ခြေသံမကြားအောင်တက်ရင်း အာ ခြင်ထောင်နဲ့ခြေထောက်နဲ့ငြိပြီး ချော်လဲပါသတဲ့။

"ဟိုက် ... လဲပြီဟ"

'ဝုန်း ဂလုံး'

မလှကြည်ရဲ့အဖေနဲ့အမေဟာ ကိုပေါက်ရဲ့စစ်စေးတွေ သေကျဲနေတဲ့ပုံကိုကြည့်ပြီး သရဲဆိုကာ အော်တော့သတဲ့။

"အောင်မယ်လေး ... သရဲပါတော့၊ သရဲ သရဲ ... ဆာကြပါဦးရှင် ... သရဲ သရဲ"

"လုပ်ပါဦးဗျို့ ... သရဲဗျို့ သရဲ"

"ဟိုက် ... အဘိုးကြီးနဲ့အဘွားကြီးတော့ နိုးသွားပြီ ပြေးသနာပဲ၊ လွတ်တဲ့နေရာကို ဝင်ပုန်းမှ"

BURMESE CLASSIC

ကိုပေါက်ဟာ ကြောက်ကြောက်လန့်လန့်နဲ့ ထပ်ခိုးပေါ် မှာရှိတဲ့ မှိုတောင်းထဲကို ဝင်ကာ ပုန်းနေလိုက်ပါသတဲ့။

ရွာသားတွေရောက်လာပြီး ဝိုင်းရှာကြပေမယ့် ကိုပေါက် ကို မတွေ့ကြဘူးတဲ့။

"ဘယ်မှာတုံးဗျ သရဲ ... မရှိပါဘူးဗျာ"

"သရဲမှ သရဲဗျ ... ကျုပ်ရော ကျုပ်မိန်းမပါ မြင်လိုက်

www.burmeseclassic.com

www.burmeseclassic.com



တာ၊ မဖြစ်ဘူး မဖြစ်ဘူး . . . မနက်ကျရင်တော့ သံဃာတော်ရှစ်ပါး ပင့်ပြီး ဆွမ်းကျွေးဦးမှ၊ ဒါမှ အန္တရာယ်ကင်းမှာ"

မလှကြည်ရဲ့အဖေဟာ မနက်လင်းတော့ ဘုန်းကြီး ရှစ်ပါးပင့်ပြီး အိမ်မှာ ဆွမ်းကျွေးသတဲ့။

ဖြစ်ချင်တော့ . . . ဘုန်းကြီးတွေရဲ့အပေါ် ထပ်ခိုးရဲ့ မှုံ့တောင်းထဲက ကိုပေါက်ဟာ တစ်ညလုံး ခွေခေါက်ပြီး တောင်းထဲမှာနေရတာကြောင့် ညောင်းညာပြီး အညောင်းဆန့်လိုက်သတဲ့။

ဒီအခါ မှုံ့တောင်းတင်ထားတဲ့ ဝါးလုံးက လိမ့်သွားပြီး မှုံ့တောင်းရော ကိုပေါက်ပါ တရားဟောဖို့ပြင်နေတဲ့ ဘုန်းကြီးတွေ ရှေ့ကို ပြုတ်ကျပါလေရော"

'ဝုန်း'

"ဟာ . . . ဘာကြီးလဲ၊ ဖြူဖြူကောင် သရဲကြီးဟ၊ ပြေး . . . ကိုရင်တို့ ပြေးကြပါဟ . . . သရဲ သရဲ"

ဒီလိုနဲ့ ဘုန်းကြီးရှစ်ပါးမှာ မှုံ့တွေနဲ့ ဖြူဖြူဖွေးနေတဲ့ ကိုပေါက်ကိုမြင်ပြီး ယပ်တောင်ရှစ်ချောင်းကိုပစ်ကာ ဖနောင့်နဲ့တင်ပါး တစ်သားတည်းကျအောင် ပြေးကြသတဲ့။

ညီ၊ ညီမလေးတို့လည်း . . . ကိုပေါက်လို အဖြစ်မျိုး မဖြစ်ကြရလေအောင် သတိထားကြပေါ့ကွယ်။

✿ ✿ ✿

ရှင်လန်းချမ်းမြေ့ပါစေ . . .

www.burmeseclassic.com